မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိန်မိဒ္ဓ၊ ဥဒ္ဓိစ္စတရား တို့ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (၈မ္မပဒ - ၈၆)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၅ ရက်၊ စုန္ဒဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၄၄)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ်၊ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy ပရိဝုဏ်အတွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်တွင်

စာမျက်နှာ ၃ ကော်လံ ၁ ✪

ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

ယနေ့ ဖတ် စ ရာ

၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်၊ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိ

ပြည်တွင်းသတင်း စာ ၅

ပို့ကုန်လျာထားချက် ပြည့်မီအောင် တင်ပို့နိုင်ရေး ကြိုးပမ်း

ပြည်တွင်းသတင်း စာ ၆

ရာသီဥတုပြောင်းလဲမှု ဒဏ်ကို အန်တုနိုင်ဖို့ မြေရဲ့အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြစို့

ဆောင်းပါး စာ ၁၁

သံအမတ်ကြီး ဦးတင်ယု အိုမန်နိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၅

အိုမန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွန်အပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ခန့်အပ်လွှာကို ဇွန် ၃ ရက်တွင် အိုမန်နိုင်ငံ၊ မက်စကတ်မြို့၊ အယ်လ်အလန်းမဲနန်းတော်၌ ဘုရင်မင်းမြတ် ဟိုင်သမ် ဘင်တာရစ်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အများပြည်သူပိုင် စာသင်ကျောင်းတွေကိုပါ အာဏာသုံး လုယူလာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့် ဇွန်၅ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁နာရီတွင် **"ဦးနှောက်အာဟာရပြည့်ဝဖို့ စာပေကဏ္ဍမြှင့်တင်ဖို့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-စဂ၉၀၉၉၇၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး အတည်ပြု ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ လူငယ်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး ကို ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၄

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ ပိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ဝိုနေမည်။ **မိုး/ဧလ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၆-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မရေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမ်ကြီ	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၅၆၅	၂၆၄၅	၂၆၂၀	၂၅၇၅	၂၆၄၅	၂၆၆၀	၂၆၇၀	၂၆၂၅	၂၇၅၅	၂၇၅၅	၂၆၃၅	၂၆၅၀	၂၆၆၀	၂၆၇၀	၂၆၆၀	၃၀၉၀	၄၃၀၀
95 Ron	၂၆၆၅	၂၇၄၀	၂၇၂၀	၂၆၇၅	၂၇၄၅	၂၇၅၅	၂၇၆၅	၂၇၂၅	၂၈၅၅	၂၈၅၅	၂၇၃၀	၂၇၄၅	၂၇၈၀	၂၇၇၀	၂၇၈၀	၃၁၉၀	၄၄၅၀
HSD (500 ppm)	၂၃၃၀	၂၄၁၀	၂၃၈၅	၂၄၄၀	၂၄၁၀	၂၄၂၀	၂၄၄၅	၂၄၉၀	၂၅၂၀	၂၅၅၅	၂၄၆၅	၂၄၁၀	၂၄၄၅	၂၄၄၅	၂၄၄၅	၂၈၅၅	၄၄၀၀
HSD (50 ppm)	၂၃၈၀	၂၄၄၅	၂၄၃၅	၂၄၉၀	၂၄၄၅	၂၄၅၀	၂၄၈၀	၂၄၄၀	၂၄၅၀	၂၄၅၀	၂၄၆၀	၂၄၆၀	၂၄၄၅	၂၄၈၅	၂၄၈၅	၂၉၀၅	၄၄၀၀
HSD (10 ppm)	၂၃၈၀	၂၄၄၅	၂၄၃၅	၂၄၉၀	၂၄၄၅	၂၄၅၀	၂၄၈၀	၂၄၄၀	၂၄၅၀	၂၄၅၀	၂၄၆၀	၂၄၆၀	၂၄၄၅	၂၄၈၅	၂၄၈၅	၂၉၀၅	၄၄၀၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၄၃၃	၂၅၁၅
95 Ron	၂၅၂၇	၂၆၁၁
HSD (500 ppm)	၂၂၀၄	၂၂၇၄
HSD (50 ppm)	၂၂၅၁	၂၃၂၅
HSD (10 ppm)	၂၂၅၁	၂၃၂၅

ကျပ်/လီတာ မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۶۷- ۶۵۵۲۷۲၊ ၀۹-၂၅۶۷۲۶۷۲

၀۶۷- ۶۵۵၂۶၅။ ၀۹-۷۷۲၂۹۶۲۶

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

သဲကန္တာရတိုက်ဗျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ် ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး

ပြီးခဲ့သည့် မတ်၊ ဧပြီ၊ မေ နွေလများအတွင်း အပူချိန်မြင့်တက်မှု ဒဏ်ကို မိမိတို့ နိုင်ငံသူ နိုင်ငံသားများ သိသိသာသာ ခံစားခဲ့ကြရသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းခြောက်သွေ့ရပ်ဝန်းမှ အချို့မြို့များ၏ နွေရာသီအမြင့်ဆုံးအပူချိန်သည် ကမ္ဘာ့အပူဆုံးမြို့များ၌ပင် စာရင်းဝင်ခဲ့သည်အထိ ဖြစ်ခဲ့သည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်း၊ ယင်း၏ အကျိုးဆက်အဖြစ် ရာသီဥတုများ ပြောင်းလဲလာခြင်းတို့သည် ရာစုနှစ်နှင့်ချီ၍ လူသားတို့ ပြုလုပ်ခဲ့ကြသည့် အပြုအမူများကြောင့် သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးခဲ့ခြင်းကို အကြောင်းရင်းခံ၍ ဖြစ်ပေါ်လာရခြင်း ဖြစ်ရာ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ကြီး ပြန်လည်ကောင်းမွန်လာအောင် ထိန်းသိမ်းရန်မှာလည်း လူသားတစ်ရပ်လုံး၏ တာဝန်ဖြစ်သည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး အရေးတကြီးလိုအပ်မှုကို အများပြည်သူ သတိမူကြစေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်လာကြစေရေး ရည်ရွယ်၍ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်က ၁၉۷၃ ခုနှစ်မှစကာ နှစ်စဉ် ဇွန်လ ၅ ရက်နေ့ကို "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အဖြစ်သတ်မှတ်၍ ကမ္ဘာတစ်ဝန်းတွင် ကျင်းပလျက်ရှိသည်။ ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ "သဲကန္တာရတိုက်ဗျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" (Land restoration, desertification and drought resilience) ဟူ၍ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဓိကအကြောင်းအရာ တစ်ရပ်ရပ်ကို နှစ်စဉ်အထူးပြုရွေးချယ်၍ အခမ်းအနားကျင်းပရာ ယခုနှစ်တွင် မြေယာပြုပြင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ပြည်သူအများ သတိထားဂရုပြုလာကြစေရန် ရည်ရွယ်သည်။

ကမ္ဘာတစ်ဝန်းတွင် သစ်တောများမှ အလွန်အကျွံထုတ်ယူသုံးစွဲမှုများ ပြုလုပ်ခြင်း၊ စိုက်ပျိုးမြေများ တိုးချဲ့ခြင်း၊ သတ္တုတူးဖော်ခြင်း၊ ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း၊ လူနေမြို့ရွာများ ချဲ့ထွင်ခြင်းတို့ကြောင့် သစ်တောများ ပြုန်းတီးခြင်းနှင့် မြေဆီလွှာပျက်စီးခြင်းတို့ဖြစ်ပေါ်ကာ ဂေဟစနစ်ပျက်စီးမှုနှင့်အတူ သဲကန္တာရများ ဖြစ်ပေါ်လာခြင်းသည် စိုးရိမ်ဖွယ်ရာကောင်းသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုဖြစ်သည်။ သဲကန္တာရဖြစ်ထွန်းသည်ဟုဆိုရာတွင် မိုးရွာသွန်းမှုပုံစံ မမှန်ခြင်း၊ မိုးရွာသွန်းမှု အကြိမ်ရေနည်းပါးခြင်း၊ မိုးခေါင်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ အပူရှိန်မြင့်မားမှုဒဏ်ကို လေထုနှင့် မြေထုတို့ ကြာရှည်စွာခံစားရခြင်း၊ အပူချိန်အတက်အကျ လွန်ကဲခြင်း၊ မြေဆီလွှာရေဝင်ပြန်နှုန်း မြင့်မားခြင်း၊ စိုထိုင်းဆနှိမ်ခြင်း၊ မြေဆီခြောက်ခန်းခြင်းနှင့် မြေအရည်အသွေး အဆင့်အတန်းနိမ့်ကျခြင်း၊ အပေါ်ယံမြေဆီလွှာကို ရေနှင့် လေတိုက်စားမှုများပြားခြင်း စသည့်ဝိသေသလက္ခဏာများ ဖြစ်ပေါ်သည်ဟု ကုလသမဂ္ဂ သဲကန္တာရတိုက်ဗျက်ရေး ကွန်ဗင်းရှင်း (United Nations Convention to Combat Desertification – UNCCD) က သတ်မှတ်ထားရာ ယင်းသို့သော ဝိသေသလက္ခဏာများ ပေါ်ပေါက်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင်လည်း အထူးသတိပြုနိုင်ကြရန် လိုအပ်သည်။

သစ်တောသစ်ပင်များကို ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးမြေများ ဖော်ထုတ်လုပ်ကိုင်ကြရာတွင် မြေအရည်အသွေး ကျဆင်းမှုကို ပြုပြင်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် လိုအပ်ပြီး နှစ်ပေါင်းများစွာ စွန့်ပစ်ထားသည့် အလေ့အထကို ပြောင်းလဲကြရမည်ဖြစ်သည်။ ပြောင်းလဲလာသည့် ကမ္ဘာ့ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းကြရာတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ သစ်တောများကို တန်ဖိုးထားထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်များ မယုတ်စီးစေရန်နှင့် ရေဝေရေလဲ သစ်တောများ မယုတ်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို လူတိုင်း အသိတရားကိုယ်စီနှင့် ဆောင်ရွက်ကြရန်လိုသည်။ လူတို့၏ မဆင်မခြင်မှုကြောင့် သဲကန္တာရဖြစ်ထွန်းနိုင်သည့် အခြေအနေများဖြစ်ပေါ်လာပြီး လူပေါင်းသန်းနှင့်ချီ၍ နေရပ်စွန့်ခွာရသည့် အခြေအနေ ဖြစ်ပေါ်လာနိုင်ကြောင်း ခန့်မှန်းသတိပေးချက်များ ရှိရာ ယင်းဖြစ်စဉ်များ မိမိတို့ဒေသ၊ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်မလာရေး၊ နောင်သားစဉ်မြေးဆက်တို့ အေးချမ်းဖိုပြည်၊ သာယာဝပြောသည့် မြေပေါ်တွင် အစဉ်အဆက် နေထိုင်နိုင်ကြရေးသည် မိမိတို့၏ တာဝန်ဟုခံယူ၍ သဲကန္တာရတိုက်ဗျက်ရေးနှင့် မိုးခေါင်ရေရှား ဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်မှုများတွင် လူတိုင်း ပါဝင်ကြရပါမည့်အကြောင်း။ ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

✪ ရှေ့ဖုံးမှ

စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသည့် သင်ကြားသင်ယူလေ့ကျင့်မှုများမှ တစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို မြှင့်တင်ပေးနိုင်မည့် အဆင့်မြင့်ပညာရပ်များ သင်ယူရာ တက္ကသိုလ်တစ်ခုကို တည်ထောင်ဖွင့်လှစ်ရန်ဟူသည့် ရည်မှန်းချက်ဖြင့် ဖွင့်လှစ်ခဲ့သည့် Naypyitaw State Academy ပရိဝုဏ်အတွင်းခ်ဲ့ကျင်းပခြင်းဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ အေးချမ်းပျော်ရွှင်စွာအပန်းဖြေနိုင်စေရေး၊ ရာသီဥတုသာယာမျှတစေရေး၊ သစ်ပင်သစ်တော စိုက်ပျိုးပြုစုထိန်းသိမ်းရေးတွင် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေး စသည့် ရည်ရွယ်ချက်များနှင့် ယခုသစ်ပင်စိုက်ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း။

ပြည်သူများအားလုံး ပူးပေါင်းပါဝင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစတင်ပြီး နှစ်စဉ်သစ်ပင်စိုက်ပွဲများ ကျင်းပလာခဲ့သည်မှာ ယခုအခါ နေပြည်တော်တွင် သစ်ပင်စိုက်ပျိုးပွဲ ၈ ကြိမ်၊ ပျိုးပင်ပေါင်း ၁၂၄၅၅ ပင်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက သစ်ပင်စိုက်ပျိုးပွဲ ၈ ကြိမ် ပျိုးပင်ပေါင်း ၃၀၁၅၄ ပင်ကို အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နိုင်ငံနှင့် အဝန်း မိုးကြိုနှင့်မိုးရာသီသစ်ပင်စိုက်ပွဲပေါင်း ၁၁၄၇ ပွဲ၊ ပျိုးပင်ပေါင်း ၇၇၅၁၉၂ ပင်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးကို သိရှိနားလည်ပြီး ပြည်သူများအားလုံး ပူးပေါင်းပါဝင်စေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ ဦးဆောင်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း။

ယခုကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်မျိုး ၆ မျိုး၊ အပင် ၁၀၃၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပရိဝုဏ်နှင့် လိုက်ဖက်မည့် ကဲ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက် သစ်မျိုးများကို အစီအစဉ်တကျ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် တစ်နိုင်ငံလုံး သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃ သန်း စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နေရာအသီးသီးတွင်လည်း ဒေသအလိုက် သင့်တော်သည့် အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ်စိုက်ပျိုးရန်၊ သစ်ပင်သစ်တောများ ထိန်းသိမ်းရန်၊ မြစ်၊ ချောင်းတစ်လျှောက် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန်၊ ဒီရေတောအပင်များ စိုက်ပျိုးတည်ထောင်ရန် စသည့် သစ်ပင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာဆီယံလမ်းမကြီးများ ဘေးဝဲယာ၊ အမြန်လမ်းမကြီးဘေးဝဲယာနှင့် ရထားလမ်းများ ဘေးဝဲယာများတွင်လည်း သစ်ပင်များစဉ်ဆက်မပြတ် စိုက်ပျိုးပြုစုထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဌာနများနှင့် ပြည်သူ့အားလုံး ပူးပေါင်းဆောင်ရွက်မှု မဖြစ်မနေလိုအပ်သည့်အတွက် အတူတကွ ပါဝင်ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကဲ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။

- **ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် တစ်နိုင်ငံလုံး သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃ သန်း စိုက်ပျိုးတည်ထောင်သွားမည်**
- **ထို့ပြင် ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နေရာအသီးသီးတွင်လည်း ဒေသအလိုက် သင့်တော်သည့် အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ်စိုက်ပျိုးရန်၊ သစ်ပင်သစ်တောများ ထိန်းသိမ်းရန်၊ မြစ်၊ ချောင်းတစ်လျှောက် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန်၊ ဒီရေတောအပင်များ စိုက်ပျိုးတည်ထောင်ရန် စသည့် သစ်ပင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည်**
- **အာဆီယံလမ်းမကြီးများ ဘေးဝဲယာ၊ အမြန်လမ်းမကြီးဘေးဝဲယာနှင့် ရထားလမ်းများ ဘေးဝဲယာများတွင်လည်း သစ်ပင်များစဉ်ဆက်မပြတ် စိုက်ပျိုးပြုစုထိန်းသိမ်း**

ယခုကဲ့သို့ သစ်ပင်များစိုက်ပျိုးကြရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်သန်အောင်မြင် ဖြစ်ထွန်းစေရန်အတွက် သန့်စွမ်းသည့်ပျိုးသက် ၂ နှစ်၊ အမြင့် ၂ ပေ အထက် ပျိုးပင်များကို စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ပျိုးပင်များရရှိရန်အတွက် မျိုးကောင်းမျိုးသန့် အပင်များမှ အပင်ပေါက်ရောက် အောင်မြင်ရှင်သန်နိုင်မည့်သစ်စေ့များ ကြိုတင်စုဆောင်းခြင်းနှင့် ပျိုးထောင်ခြင်းလုပ်ငန်းများကို အချိန်ယူကြိုတင်ပြင်ဆင်ပြီး အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပျိုးပင်အဖြစ် ၂ နှစ်တာ ရှင်သန်ဖြစ်ထွန်းလာသည့် အပင်သည် ဆက်လက်ရှင်သန်ကြီးထွားရန် စနစ်တကျဆောင်ရွက်သွားပါက မဖြစ်စရာမရှိကြောင်း။

ဂရုတစိုက်စနစ်တကျစိုက်ပျိုး

စိုက်ပျိုးပင်များ ရှင်သန်အောင်မြင်စေရန်အတွက် နေရာဒေသနှင့် ကိုက်ညီမည့်သစ်မျိုးမှန်ကန်စွာ ရွေးချယ်မှု၊ စနစ်တကျ မြေပြုပြင်မှု၊ ရေနှင့် မြေအစိုဓာတ်ရရှိမှု၊ စိုက်မည့်ကျင်းအရွယ်အစားမှန်ကန်မှု၊ ပန္နက်အကွာအဝေးနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်မှု ရှိစေရေးတို့ကို အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြေဆီအာဟာရပြည့်ဝစေရန်အတွက်လည်း လိုအပ်သည့်သွင်းအားစုများကို ထည့်သွင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။ ဆိုလိုသည်မှာ ဂရုတစိုက်စနစ်တကျ စိုက်ပျိုးရန်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ်၊ ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အစီရင်ခံစာအရ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုသည် ကမ္ဘာ့မြေမျက်နှာပြင်၏ သုံးပုံတစ်ပုံဖြစ်သည့် ၈က ၁၀ ဒသမ ၀၃ ဘီလီယံ နီးပါးရှိကြောင်း၊ သို့သော် ၁၉၉၀ မှ ၂၀၁၀ ပြည့်နှစ်အတွင်းတစ်နှစ်လျှင် ၈က ၁၉ ဒသမ၂၇ သန်း၊ ၂၀၁၀ မှ ၂၀၁၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ၈က ၁၂ ဒသမ ၈၅ သန်းနှင့် ၂၀၁၀ မှ ၂၀၂၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ၈က ၁၁ ဒသမ ၆၁ သန်း လျော့နည်းကျဆင်းသွားသည်ကို လေ့လာသိရှိရကြောင်း။

ပြန်းတီးလျော့နည်းခဲ့

အာဆီယံဒေသ၏ သစ်တောဖုံးလွှမ်းမှု ပမာဏ အနေဖြင့် ၈က ၅၂၈ ဒသမ ၇၉ သန်းကျော်ရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၃၀ အတွင်း စုစုပေါင်းသစ်တောများ၏ ခြောက်ပုံတစ်ပုံခန့် ၈က ၉၂ ဒသမ ၉၁ သန်း ပြန်းတီးလျော့နည်းခဲ့သည်ကို လေ့လာသိရှိရကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်းခ်ဲ့ မြန်မာနိုင်ငံသည် သစ်တောဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိကြောင်း၊ သစ်တောပြန်းတီးမှုနှုန်းအနေဖြင့် ကြည့်ပါက ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

နှစ်စဉ် ၁ ဒသမ ၇ ရာခိုင်နှုန်း ပြန်းတီးခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ် ၀ ဒသမ ၉ ရာခိုင်နှုန်းသာ ပြန်းတီးခဲ့သည်ကို တွေ့ရသည့်အတွက် သစ်တောပြန်းတီးမှုကို လျော့နည်းအောင်ထိန်းသိမ်းနိုင်ခဲ့ခြင်းကို တွေ့ရှိရကြောင်း။

ယခုအခါ ၂၀၂၅ ခုနှစ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာထုတ်ပြန်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာတွင် ပဏာမလေ့လာဆန်းစစ်မှုများအရ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ပေါက်ရောက်သည့် ဒီရေတောဧရိယာသည် ၂၀၂၀ ပြည့်နှစ်မှာ ၈က ၁ ဒသမ ၀၇ သန်း၊ နိုင်ငံဧရိယာ ၏ ၀ ဒသမ ၆၄ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါတွင် ၈က ၁ ဒသမ ၁၃ သန်း နိုင်ငံဧရိယာ၏ ၀ ဒသမ ၆၇ ရာခိုင်နှုန်းထိ တိုးတက်လာသည်ကို အားတက်ဖွယ် တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းနှင့် မပျက်စီးအောင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခြင်း၏ အကျိုးရလဒ်များပင် ဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၃ နှစ်ကျော်ကာလအတွင်း ကြိုးပြင်ကာကွယ်တောင်ဘ၊ ဧရိယာ၈က ငါးသိန်းခြောက်သောင်းကျော် (၅၆၀၇၉၇ ဒသမ ၅၇ ၈က)နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၄ ခု၊ ဧရိယာ၈က ငါးသိန်းကိုးသောင်းကျော် (၅၉၀၀၁၅ ဒသမ ၁၃ ၈က)၊ စုစုပေါင်းဧရိယာ ၈က ၁ ဒသမ ၁၅ သန်းကျော် (၁၁၅၀၈၁၂ ဒသမ ၇ ၈က)ကို တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များကြောင့် ထိခိုက်နိုင်ခြေမြင့်မားသည့် နိုင်ငံများစာရင်းတွင် ပါဝင်နေကြောင်း၊ ၂၀၂၄ ခုနှစ်နွေရာသီတွင် အယ်နီညိုဖြစ်စဉ်ကြုံတွေ့ရပြီး အကျိုးဆက်အနေဖြင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲခြင်း၊ နေ့အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်နိုင်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်ဟုသိရကြောင်း၊ ယခု ၂၀၂၄ ဧပြီလအတွင်းတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် နေ့အပူချိန်များမြင့်မားခဲ့ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း ချောက်မြို့သည် ယခုနှစ် ဧပြီလ ၅၈ ရက်နေ့တွင် နေ့အပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယဝ်စ်အထိရှိခဲ့ပြီး ကမ္ဘာ့အပူချိန်အမြင့်မားဆုံးမြို့အဖြစ် ပါဝင်ခဲ့ကြောင်း၊ အလားတူ မကွေးမြို့၊ မင်းဘူးမြို့၊ ညောင်ဦးမြို့နှင့် စစ်ကိုင်းမြို့တို့သည် ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းတွင် ပါဝင်ခဲ့ကြောင်း။

ထို့ကြောင့်လည်း အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့က ယခုနှစ်မိုးရာသီတွင် တစ်ရွာ ၂ ၈က စိုက်ခင်း၊ ဘက်စုံသုံးစိုက်ခင်းနှင့် ကျေးရွာထင်းစိုက်ခင်း စုစုပေါင်း ၈က ၃၅၅၁ ဒသမ ၂၀၊ ပျိုးပင်ပေါင်း နှစ်သန်းကျော် (၂၀၉၂၈၄၇) ပင်ကို ကျေးရွာပေါင်း ၈၀၉ ရွာတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာတွင်လည်း အရိပ်ရလေကာပင်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ **"ပူနွေးကမ္ဘာ တားဆီးရာ၊ ဖြေရှာတစ်ခုတောပြုစု"**ဟု ဆိုသည့်အတိုင်း ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေးအတွက် သစ်တောများ၏ အရေးပါမှုကို သိရှိနားလည်ပြီး သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျွန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာအသုံးချရေးလုပ်ငန်းများ တိုးချဲ့ခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရန် လိုအပ်သည်ကို အသိပေးတိုက်တွန်း မှာကြားလိုကြောင်း။

စိုက်ပျိုးပြုစုထိန်းသိမ်းသွားကြရန်လို

နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံ၏ မြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ Green City ၊ Clean City ၊ Smart City ဖြစ်စေရေး အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန် ရည်ရွယ်ထားသည့်အတိုင်း အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်သည့် နိုင်ငံတော် ၏ ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် တည်ထောင်ဖွင့်လှစ်ထားသည့် Naypyitaw State Academy ၏ ကျောင်းပရိဝုဏ်နှင့် ပတ်ဝန်းကျင်တွင် မျက်စိပသာဒဖြစ်စေပြီး သင်းရနံ့မွှေးပျံ့သည့် သစ်ပင်ပန်းပင်များနှင့် အမြဲတမ်းစိမ်းလန်းစိုပြည် သာယာလှပစေရန် စိုက်ပျိုးပြုစုထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့စိုက်ပျိုးသည့် သစ်ပင်၊ ပန်းပင်များ စဉ်ဆက်မပြတ် ရေရှည်တည်တံ့ခိုင်မြဲစွာ စိမ်းလန်းစိုပြည်နေစေရေး အားလုံးဝိုင်းဝန်း စောင့်ရှောက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံအဝန်းသစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုပြန်လည်မျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားပါမို့ဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဦးဆောင်စိုက်ပျိုးပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်းစိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များကို တဖျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အပင် ၁၀၃၀ စိုက်ပျိုးနိုင်ခဲ့

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကုံကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက် စသည့်သစ်မျိုး ၆ မျိုး၊ အပင် ၁၀၃၀ စိုက်ပျိုးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နိုင်ရေးအတွက် လျာထားအဆိုပြုပုံစံများ ခင်းကျင်းပြသထားရှိမှုနှင့် အဆိုပါ လျာထားအဆိုပြုပုံစံများအပေါ် ကျောင်းသား ကျောင်းသူများ၏ ဆန္ဒပြုစာရင်း ကောက်ယူနေမှုများကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တက်ရောက်လာကြသူများက ပျိုးပင်များအား တဖျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နိုင်ရေးအတွက် လျာထားအဆိုပြုပုံစံများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၄

"၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွေဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမူထန်၊ ဒေါက်တာဘာရွှေ ခွန်စံလွင်၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂျူဒို အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ လာမည့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန်အတွက် ယခုပြိုင်ပွဲမှ ထွက်ပေါ်လာမည့် မျိုးဆက်သစ် အားကစားသမားများကို စနစ်တကျ ရွေးချယ်လေ့ကျင့်ပျိုးထောင်ပေးသွားနိုင်ရန် လူရွေးချယ်ရေးစီမံချက်နှင့် အောင်နိုင်ရေးစီမံချက်များကို ကြိုတင်ရေးဆွဲ ဆောင်ရွက်သွားကြရန် လိုကြောင်း။

ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားမောင်/မယ်များသည် မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း အနိုင်ရရှိရေးအတွက် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး ကြိုးစားယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယှဉ်ပြိုင်ခြင်းသည် အဓိကဖြစ်သလို အနိုင်ရခြင်းသည်လည်း ပဓာနကျသည်ဆိုသော ခံယူချက်နှင့် မိမိတို့ ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်း၏ ဂုဏ်ကို မြှင့်တင်နိုင်ရန် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် အားကစားသမား အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အားကစားသမားကောင်းပီသစွာ သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများကို လေးစားလိုက်နာပြီး နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားပြီး "၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ပြိုင်ဝင်အားကစားသမားများက အားကစားသစ္စာ အမိန့်ခံယူရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ဂျူဒိုပြိုင်ပွဲ ရှုံးထွက်ပွဲစဉ် ၄၂ ကီလိုတန်းအောက် တစ်ဦးချင်း အမျိုးသားဂျူဒိုပြိုင်ပွဲ၊ ၅၇ ကီလိုတန်းအောက် တစ်ဦးချင်း အမျိုးသမီး ဂျူဒိုပြိုင်ပွဲနှင့် ၃၈ ကီလိုတန်းအောက် တစ်ဦးချင်း အမျိုးသားဂျူဒိုပြိုင်ပွဲ ယှဉ်ပြိုင် နေမှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ "၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၃၀ မှ အသင်းအုပ်ချုပ်သူ / နည်းပြ၊ အားကစားသမားအင်အား စုစုပေါင်း ၂၆၉ ဦးဖြင့် ပြိုင်ပွဲကာလ ဇွန် ၄ ရက်မှ ၇ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပသွားမည်ဖြစ်ရာ ဂျူဒိုအားကစား နည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမ့်လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၄ - ၂၀၂၅ ခုနှစ် ပညာသင်နှစ်၊ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိ

နေပြည်တော် ဇွန် ၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများကို နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ဇွန် ၃ ရက်မှစ၍ စတင်ဖွင့်လှစ်ခဲ့သည်။ ထိုသို့ ကျောင်းများဖွင့်လှစ်ပြီး စာသင်ကျောင်းများတွင် သက်ဆိုင်ရာအတန်းအလိုက် သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ **(အောက်ပုံ)**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများကို သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗဟာစာအုပ်များ၊ စာရေးကိရိယာများကို အခမ့်ထုတ်ပေးပြီး KG မှ မူလတန်းအထိ ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများလည်း အခမ့်ပေးအပ်လျက်ရှိသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများ နေရာချထားခြင်း၊ ကျောင်း ကြို/ပို့ ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးထားသည်။

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှောက်ကျနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိရာ ယနေ့အထိ ကျောင်းသား ကျောင်းသူ ၆၆၇,၃၃၅ ဦး ကျောင်းအပ်နှံထားရှိပြီး ၆၄၁,၄၇၉ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပညာသင်ကြား

ပြည် ဇွန် ၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန ကွန်ပျူတာ တက္ကသိုလ်(ပြည်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (ဒုတိယနှစ်ဝက်) သင်တန်းများနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (ပထမနှစ်ဝက်) သင်တန်းများကို ဇွန် ၃ ရက်က စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြား လျက်ရှိသည်။ **(အပေါ်ပုံ)**

ကျောင်းသား ကျောင်းသူများကို ဘာသာရပ်အလိုက် ဆရာ ဆရာမများက သင်ကြား/သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းအပ်လက်ခံခြင်းလုပ်ငန်း၊ အဆောင်နေ ကျောင်းသား ကျောင်းသူများ ကျောင်းတွင်းအဆောင် နေထိုင်နိုင်ရေးစီစဉ်ပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများ အားလုံး အခက်အခဲမရှိ အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ကိုဆက်(ပြန်/ဆက်)

သာယာဝတီမြို့နယ် ရန်ကုန် - ပြည် လမ်းမကြီး မြန်မာ့စီးပွားရေးဘဏ် ရှေ့၌ ၂၀၂၄ ခုနှစ် လူငယ်ရေးနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေးဆိုင်းဘုတ်ကို ဇွန် ၄ ရက်က ခရိုင်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များစိုက်ထူစဉ်။ ခရိုင်(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီးမှ အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ အားကစားနည်း ၂၃ မျိုးတွင် ၂၁ နည်းဝင်ရောက်ယှဉ်ပြိုင်သွားမည်

မုံရွာ ဇွန် ၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်၊ အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၄ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တာဝန်ရှိသူများအနေဖြင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နည်းပြများနှင့် အားကစားသမားများအား ပှန်ပှန်ကန်ကန်ဖြင့် အရည်အချင်းရှိသူများအား စနစ်တကျရွေးချယ်၍ စခန်းသွင်းလေ့ကျင့်သွားကြရန်လိုကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအနေဖြင့် အားကစားနည်း ၂၃ မျိုးတွင် ၂၁ နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ သွားရောက်ယှဉ်ပြိုင်ရာတွင်လည်း အားကစားသမားများအနေဖြင့် အောင်မြင်မှုများ ရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် လိုကြောင်း၊ ကော်မတီအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး အောင်မြင်မှုများရရှိအောင် အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။ **(ယာဝုံ)**

ယင်းနောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဇော်လွင်က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေးလုပ်ငန်းများနှင့် ပတ်သတ်၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ အေးချမ်းစွာ ဖွင့်လှစ်သင်ကြားနေမှုများအား သွားရောက်ကြည့်ရှုအားပေး

ပဲခူး ဇွန် ၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဇွန် ၄ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် အတွင်းအခြေခံပညာကျောင်းများ အေးချမ်းစွာ ဖွင့်လှစ်သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ **(အောက်ဝုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ဈေးပိုင်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာကျောင်းနှင့် ကလျာဏီရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြား နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးတိုင်းဒေသကြီး အတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းပေါင်း ၄၅၃၂ ကျောင်း ဖွင့်လှစ်ပြီး ပဲခူးခရိုင်တွင် ကျောင်းသား ကျောင်းသူ ၁၉၇၉၃၃ ဦး၊ ညောင်လေးပင် ခရိုင်တွင် ကျောင်းသား ကျောင်းသူ ၁၄၄၅၅၆ ဦး၊ တောင်ငူခရိုင်တွင် ကျောင်းသား ကျောင်းသူ ၁၅၇၇၇ ဦး၊ ပြည်ခရိုင်တွင် ကျောင်းသား ကျောင်းသူ ၈၉၄၂၄ဦး။ နတ်တလင်းခရိုင်တွင် ကျောင်းသား ကျောင်းသူ ၆၃၅၄စဦးနှင့် သာယာဝတီခရိုင်တွင် ကျောင်းသား ကျောင်းသူ ၁၃၂၆၆ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၈၅၅၈၄ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သာစည်မြို့နယ်၌ ၂၀၂၄ မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေး

သာစည် ဇွန် ၄

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ဇွန် ၄ ရက်နံနက် ၁၁ နာရီက ၂၀၂၄ မိုးရာသီ စိုက်ပျိုးစရိတ်ထုတ်ချေးငွေပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ မြို့နယ်ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး ဘဏ်ခွဲမန်နေဂျာ ဦးတင်မင်းထွန်းက မြို့နယ်အတွင်း ချေးငွေကြွေးကျန်များ ပြေကြေစွာ ကောက်ခံရရှိရေးနှင့် ပြေကြေသည့် တောင်သူများအား ချေးငွေသစ်များ ပြန်လည်ထုတ်ချေးပေးခြင်းကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်အာမခံလုပ်ငန်းတာဝန်ခံ ဦးဌေးလွင်က သီးနှံအာမခံအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး တောင်သူများက မေးမြန်းဆွေးနွေးရာ ခရိုင်တာဝန်ခံက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သမင်ဇောကုန်းကျေးရွာမှတောင်သူ ၆၆ ဦးတို့အား စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းအခြားယာသီးနှံတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းတို့ဖြင့် စပါး ၁၆၃ ဧကနှင့် နှမ်း ဧက ၁၅၀ တို့အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၉၄၅၀၀၀ ကို ထုတ်ချေးခဲ့သည်။

သာစည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်၌ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရန် လျာထားစပါးဧက ၁၈၃၅၆ နှင့် အခြားသီးနှံဧက ၁၄၄၆၆ ဧကတို့အတွက် ချေးငွေကျပ်သိန်းပေါင်း ၄၂၀၀၀ လျာထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ပို့ကုန်လျာထားချက်ပြည့်မီအောင် တင်ပို့နိုင်ရေးကြိုးပမ်း

နေပြည်တော် ဇွန် ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ပို့ကုန်လျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် အဓိက ပို့ကုန်များဖြစ်သည့် ဆန်/ဆန်ကွဲ၊ ပဲ၊ ပြောင်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်းများကို တင်ပို့သည့် ကုမ္ပဏီအလိုက် ဆောင်ရွက်နိုင်သည့် အခြေအနေအပေါ် သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ လအလိုက် လျာထားသတ်မှတ်ပြီး လျာထားသတ်မှတ်ချက်အတိုင်း တင်ပို့နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း အစရှိသည့် အသင်းအဖွဲ့များနှင့် ညှိနှိုင်း၍ ပို့ကုန်တင်ပို့ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ကူညီဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ပပို့ကုန် ပစ္စည်းများအနက်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်/ဆန်ကွဲ တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ရန် လျာထားမှုအပေါ် ၂၀၂၄ ခုနှစ် ဇွန် ၄ ရက် စာရင်းများအရ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း ရှစ်ခုတွင် ဆန်တင်ပို့နိုင်ရန် ဆန်သင်္ဘော်ဂျုစ်စင်း ဆိုက်ကပ်လျက်ရှိပြီး အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (Alone International Port Terminal) မှ ဆန်တန်ချိန် တန် ၁၂၅၀၀၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (Yangon Intrernational Gateway Terminal) မှ ဆန်တန်ချိန် တန် ၁၂၅၀၀၊ ယခင် ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal) မှ ဆန်တန်ချိန် တန် ၁၀၀၀၀၊ WILMAR ဆိပ်ကမ်း (Wilmar Intrernational Port Terminal) မှ ဆန်တန်ချိန် ၉၈၀၀ တန်နှင့် ဆူးလေဆိပ်ကမ်း (Sule Pagoda Wharves) မှ ဆန်တန်ချိန် တန် ၉၁၁၂၀ စုစုပေါင်း တန် ၁၃၅၉၂၀ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ဆန်တန်ချိန် တန် ၇၄၀၀၀ တင်ပို့ရန်အတွက် သင်္ဘော်လေးစင်း ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင်အသီးသီးက လှူဒါန်းသည့် ပိဋကတ်သုံးပုံပါဋိတော်(မြန်မာ၊ ရိုမန်)အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံပါဋိတော်ကျမ်းစာအုပ်များကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပရိယတ္တိစာသင်တိုက်ကြီးများသို့ သွားရောက်လှူဒါန်း

မန္တလေး ဇွန် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင်အသီးသီးက လှူဒါန်းသည့် ပိဋကတ်သုံးပုံပါဋိတော် (မြန်မာ၊ ရိုမန်) အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံပါဋိတော်ကျမ်းစာအုပ်များကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မန္တလေးတိုင်းဒေသကြီးအတွင်း မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများသို့ ယနေ့နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပရိယတ္တိ စာသင်တိုက်ကြီးများဖြစ်သည့် မစိုးရိမ်တိုက်သစ်၊ အဝေရာရာမ ရန်ကင်းကျောင်းတိုက်နှင့် မြတောင်ကျောင်းတိုက်များသို့ ရောက်ရှိစဉ် ဆရာတော်ကြီးများအား ဖူးမြော်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပိဋကတ်သုံးပုံ ပါဋိတော် (မြန်မာ၊ ရိုမန်) အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံပါဋိတော် ကျမ်းစာအုပ်များ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဆရာတော်ကြီးများထံ လျှောက်ထားပြီးသြဝါဒများ ခံယူခဲ့သည်။

ထိုသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပရိယတ္တိစာသင်တိုက်ကြီးများသို့ သွားရောက်လှူဒါန်းရာ၌ မစိုးရိမ်တိုက်သစ်၊ မမြစေတီယကျောင်းတိုက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဧဒေတိကဓေ မဟာဓမ္မကထိက ဗဟုဇနဟိတာရ ဘဒ္ဒန္တဝါသေဠာဘိဝံသ အမှူးပြုပြီး ဆရာတော်ကြီး ၃ ပါးထံသို့လည်းကောင်း၊ အဝေရာရာမ ရန်ကင်းကျောင်းတိုက်၊ စိန်ရတုပိဋကတိုက်နှင့် ပြတိုက်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဧဒေတိကဓေ၊ အစိုးရနှင့် သက္ကသီဟခမ္မာစရိယပါဋိပါရဂူဆရာတော် ဘဒ္ဒန္တ သြဒါသိရီဘိဝံသ အမှူးပြုပြီး ဆရာတော်ကြီး ၃ ပါးထံသို့လည်းကောင်း၊ မြတောင်ကျောင်းတိုက်၊ နှစ် ၁၀၀ ပြည့်ဗိမာန်တော်ကြီးတွင် နိုင်ငံတော်သြဝါဒါစရိယ၊ ပဒေသာရွှေကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ အမှူးပြုပြီး ဆရာတော်ကြီး ၃ ပါးထံသို့လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုဒွေများကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)နှင့် အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ)တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇွန် ၁ ရက်မွန်းလွဲပိုင်းက အစိုးရစက်မှုလက်မှု သိပ္ပံ(သန်လျင်)၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသတွင်းရှိ **သီလဝါ အထူးစီးပွားရေးဇုန်နှင့် MSME ဖွံ့ဖြိုးရေးအတွက် နည်းပညာရှင်များကို သတ်မှတ်စံနှုန်းများအတိုင်း မွေးထုတ်ပေးနိုင်ရေး အလေးထား ဆောင်ရွက်ရန်နှင့် ပြည်သူများ ဘဝရပ်တည်မှုခိုင်မာစေရေးအတွက် လက်တွေ့ကျသည့် သက်မွေးနည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်** လိုအပ်ကြောင်း တိုက်တွန်းမှာကြား၍ ဝန်ထမ်းများ၏ အခက်အခဲ တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စာကြည့်တိုက်၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများနှင့် အလုပ်ရုံများ၊ ကျောင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဇွန် ၂ ရက်ကလည်း အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ)သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တစ်တပ်တစ်အားဖြစ်စေမည့် ဗဟုပါးတန်နှင့် ပြည့်စုံသော နည်းပညာရှင် လူငယ်ကောင်းများ ဖြစ်စေရေး အဓိကရည်မှန်း၍ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။ **(အောက်ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အမျိုးသားရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် ကောင်းစွာ အထောက်အကူပြုနိုင်မည့် နည်းပညာရှင်များကို အရည်အသွေး စံမီစွာ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ MSME များ အပါအဝင် စက်မှုကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု သုတေသနပရောဂျက်များကို ဌာနများအပြင် ပုဂ္ဂလိက အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး ကောလိပ်၏ ကျောင်းအုပ်ကြီးထံ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်၊ အင်ဂျင်နီယာဌာနများရှိ လက်တွေ့ခန်းများနှင့် အလုပ်ရုံများ၊ ဝန်ထမ်းအိမ်ရာများ၊သီးပင်စားပင်စိုက်ခင်းများ၊ တည်ဆောက်ရေးလုပ်ငန်းနှင့် ကောလိပ်ဥပဓိရုပ် တင့်တယ်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပခုက္ကူတက္ကသိုလ်၌ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များ ပုံမှန်အတိုင်းဖွင့်လှစ်သင်ကြား

ပခုက္ကူ ဇွန် ၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကို ၂၀၂၄ ခုနှစ် ဇွန် ၃ ရက်မှစတင်ကာ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ် သင်ကြားလျက်ရှိရာ ပခုက္ကူတက္ကသိုလ်၌ ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်ဌာန အသီးသီး အလိုက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဆက်လက်တက်ရောက်ကြသည်။

အဆိုပါ တက္ကသိုလ်ပညာရပ်များ စနစ်တကျ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်၏ ဦးဆောင်မှုဖြင့် ဒုတိယ ပါမောက္ခချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ (ဌာနမှူး)များ၊ သင်တန်းရေးရာ ဌာနမှ တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် မေ ၂၃ ရက် မှစတင်ကာ လိုအပ်သည့် ကျောင်းအပ်လက်ခံခြင်း၊ ကျောင်းဝင်မှတ်ပုံတင်ခြင်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး ဇွန် ၃ ရက်မှ စတင်ဖွင့်လှစ်သင်ကြား ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖွင့်လှစ်သင်ကြားရာ ပခုက္ကူတက္ကသိုလ်ရှိ ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်ဌာန ၁၄ ခုတွင် ပထမနှစ် ဂုဏ်ဦး၊ ဒုတိယနှစ် ၁၈၄ ဦး၊ တတိယနှစ် ၁၅၃ ဦး၊ စတုတ္ထနှစ် ၁၅၈ ဦး၊ ပထမနှစ် (ဂုဏ်ထူးတန်း) ၉၁ ဦး၊ ဒုတိယနှစ် (ဂုဏ်ထူးတန်း) ၃၄ ဦး၊ တတိယနှစ် (ဂုဏ်ထူးတန်း) ၅၅ ဦး၊ ဝတ္ထုဗေဒနှစ် (ဂုဏ်ထူးတန်း) ၅၁ ဦး၊ မဟာဝိဇ္ဇာနှင့် မဟာသိပ္ပံသင်တန်း ၆၃ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၃၆ ဦး စိတ်အေးချမ်းသာစွာ တက်ရောက်ကြသည်။

ဘာမီသာ(ပခုက္ကူ)

လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ထုံးလုပ်နည်းညွှန်ကြားချက် (၁/၂၀၂၄) ရှင်းလင်းဆွေးနွေးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၄

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ထုံးလုပ်နည်းညွှန်ကြားချက် (၁/၂၀၂၄) ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အဖြာတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သိရှိလိုက်နာဆောင်ရွက်

ဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအနေဖြင့် စက်ပစ္စည်းအင်အားကို အကျိုးရှိစွာ အသုံးချနိုင်ရန် စက်ပစ္စည်းများအတွက် ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေလျာထားခြင်း၊ ဝယ်ယူခြင်း၊ စက်ပစ္စည်းဝယ်ယူရန် ရန်ပုံငွေမလုံလောက်ခြင်းနှင့် မဖြစ်မနေ ဆောင်ရွက်ရမည့် ကိစ္စရပ်များကြောင့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ စီမံကိန်းတန်ဖိုး ပြောင်းလဲခြင်းဆိုင်ရာကိစ္စရပ်များကို စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်းတို့အတွက် တစ်ပြေးညီစံထားလိုက်နာရမည့် လုပ်ထုံးလုပ်နည်းညွှန်ကြားချက် (၁/၂၀၂၄)ကို သိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

အကျိုးကျေးဇူးများရရှိစေမည်

ညွှန်ကြားချက် (၁/၂၀၂၄) ကို ထုတ်ပြန်ခြင်းအားဖြင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးသည် ငွေလုံး ငွေရင်းအသုံးစရိတ်ဖြစ်သော စက်ပစ္စည်း၊ ဆောက်လုပ်ရေး၊ အခြားတို့ကို ခွဲခြား၍ လုပ်ထုံးလုပ်နည်းပါ ညွှန်ကြားချက်များနှင့်အညီ ရန်ပုံငွေလျာထားခြင်းအားဖြင့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲရသည့် အခြေအနေများ လျော့ကျစေနိုင်ခြင်း၊ စက်ပစ္စည်းဝယ်ယူသည့် လုပ်ငန်းစဉ်များ မြန်ဆန်စွာ ဆောင်ရွက်နိုင်ခြင်း၊ ဘဝဘဏ္ဍာရေးထားမှုများ ခိုင်မာစွာ ဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ဆောင်ချက်များ ပိုမိုထိရောက်

အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပိုင်းဝန်းအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးက ငွေလုံးငွေရင်း အသုံးစရိတ် (စက်ပစ္စည်း)အတွက် ရန်ပုံငွေလျာထားခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်(၁/၂၀၂၄) ကို ရှင်းလင်းဆွေးနွေးပြီး ကော်မတီအဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းညွှန်ကြားချက် (၁/၂၀၂၄) နှင့် ပတ်သက်၍လည်းကောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း အကြံပြုဆွေးနွေးကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်နှင့်ပညာရေးဒီဂရီကောလိပ်များသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၄

ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေမှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

လှည့်လည်ကြည့်ရှု

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် အမှတ် (၃၀) အခြေခံပညာ အထက်တန်းကျောင်း၊ ချမ်းအေးသာစံမြို့နယ် အမှတ် (၂၇) အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)နှင့် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ

နှုတ်ဆက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ တက်ရောက်ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုသည်။

လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ပညာသင်ကြားရေးသည် လူတစ်ဦးချင်း အတွက် မဖြစ်မနေ အရေးကြီးသော လိုအပ်ချက်ဖြစ်ပါကြောင်း၊ အရည်အသွေးရှိသော အသိပညာ၊ အတတ်ပညာရှင်များဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက် ဆောင်ရွက်ကြရမည်ဖြစ်၍ ငယ်စဉ်ကတည်းကကြိုးစား၍ လူတော်လူကောင်း အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်စေအောင်ကြိုးစားကြရန် ပြောကြားပြီး စာသင်ခန်း၊ စာသင်ဆောင်များ၊ ကျောင်းဝင်းအတွင်း ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရတနာပုံတက္ကသိုလ် သိရိမင်္ဂလာခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး) များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီးလက်တွေ့ခန်းသုံး၊ သုတေသနသုံး စက်ပစ္စည်းများကိုလည်း အကျိုးရှိရှိ ထိရောက်စွာ အသုံးချစေလိုကြောင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင် တတ်မြောက်စေရုံ မျှမက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ရှိသော လူတော်လူကောင်းများ ဖြစ်အောင် လေ့ကျင့်သင်ကြားပေးစေလိုကြောင်း မှာကြားပြီး ဌာနအလိုက် တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးပညာရေး ဒီဂရီကောလိပ်သို့ သွားရောက်၍ စားရိပ်သာတွင် ညနေစာစားသုံးနေမှုများကို သွားရောက်ကြည့်ရှုအားပေးကာ အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသည့် နိုင်ငံသားကောင်းရတနာများကို ပြုစုပျိုးထောင်ပေးသည့် ဆရာ ဆရာကောင်းများ ဖြစ်လာစေရေး ကြိုးစားကြစေလိုကြောင်း မှာကြားသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ မေ ၂၃ ရက်မှ ဇွန် ၄ ရက်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူ ၆၆ဂ၂၃၂ ဦး လာရောက်အပ်နှံပြီးစီးခဲ့ပြီး ကျန်ရှိသည့်ကျောင်းသား ကျောင်းသူများလည်း ဆက်လက်၍ သက်ဆိုင်ရာကျောင်းများထံသို့ လာရောက်ကျောင်းအပ်နှံလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပြင်ဦးလွင်မြို့နယ်၌ နွားမွေးမြူရေးအသင်းသစ်များ ဖွဲ့စည်းနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

ပြင်ဦးလွင် ဇွန် ၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ နွားမွေးမြူရေးအသင်းသစ်များ ဖွဲ့စည်းနိုင်ရေးရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ ဥက္ကဋ္ဌ ဦးထွန်းလှိုင်၊ မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်အဖွဲ့၊ ပြင်ဦးလွင်မြို့မဈေးကြီး ဈေးသမဝါယမအသင်းမှ အမှုအဆောင်အဖွဲ့နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးကျော်ဧေယျတို့သည် ဇွန် ၁ ရက်က ပြင်ဦးလွင်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများတွင် နို့စားနွားမွေးမြူထားသည့် တောင်သူများနှင့် တွေ့ဆုံ၍ နွားမွေးမြူရေးအသင်းသစ်များ ဖွဲ့စည်းနိုင်ရေးကွင်းဆင်း၍ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြောင်း သိရသည်။

ဆက်လက်၍ ဒီဇင်ဘာနို့စားနွား မွေးမြူရေး၌သို့ ကွင်းဆင်းခဲ့ခြင်း၊ တိုင်းဒေသကြီးဦးစီးမှူးက မြို့နယ်သမဝါယမဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းများဆောင်ရွက်ကာ နွားမွေးမြူရေးအသင်းသစ်များ ဖွဲ့စည်းနိုင်ရေး၊ မိမိဌာနမှအကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများအားလုံး အချိန်နှင့်တစ်ပြေးညီပြီးစီးနိုင်ရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဖြူလူသစ် (ပြန်/ဆက်)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်တွေမြို့နယ် ဗျိုင်းဖြူကျေးရွာဖြစ်စဉ်နှင့်ပတ်သက်၍ မဟုတ်မမှန်သတင်းများထုတ်လွှင့်နေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

AA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ စစ်တွေမြို့နယ် ဗျိုင်းဖြူကျေးရွာ ကိစ္စနဲ့ပတ်သက်ပြီး မဟုတ်မမှန်သတင်းတွေ ထုတ်လွှင့်နေတာကို တွေ့ရပါတယ်။ ဒီ စစ်တွေမြို့နယ် ဗျိုင်းဖြူကျေးရွာရဲ့ မြောက်ဘက်မှာရှိနေတဲ့ ကံပြင်ရွာဟောင်း၊ ကံပြင်ရွာသစ်ပေါ့၊ ဗျိုင်းဖြူကျေးရွာဟာလည်း စစ်တွေမြို့နယ်ရဲ့မြောက်ဘက်မှာပဲရှိတာပါပဲ။ ဒီရွာတွေကနေပြီးတော့ AA အကြမ်းဖက်သောင်းကျန်းသူတွေ ခိုအောင်းပြီးတော့ စစ်တွေမြို့ထဲကို Drone တွေနဲ့ Drop Bomb လာချတာတွေ၊ အဝေးကနေ လက်နက်ကြီးနဲ့ ရမ်းသန်းပစ်ခတ်တာတွေကို ယခင်ထဲကတိုင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဗျိုင်းဖြူကျေးရွာ၊ ခုနကပြောတဲ့ကံပြင်ရွာဟောင်း၊ ကံပြင်ရွာသစ်မှာ AA အကြမ်းဖက်သောင်းကျန်းသူတွေ ရောက်ရှိနေတယ်ဆိုတဲ့ ဒေသခံတွေရဲ့ မြေပြင်သတင်းပေးချက်အရ တပ်မတော်အနေနဲ့ မေလ ၂၉ ရက်နေ့မှာ ဗျိုင်းဖြူကျေးရွာမှာ ဝင်ရောက်နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့တယ်။ နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့တဲ့နေရာမှာ ရွာထဲဝင်သွားတုန်းကတော့ အေးအေးဆေးဆေးပါပဲ၊ ရွာထဲမှာ ရောက်တဲ့အခါမှာ ရွာသားမဟုတ်တဲ့ မသက်သာတဲ့လူတွေကို ခေါ်ယူမေးမြန်းနေတယ်၊ ခေါ်ယူမေးမြန်းနေတဲ့ အချိန်မှာပဲ ဗျိုင်းဖြူရွာသား မဟုတ်တဲ့ ရွာသား သုံးဦးပေါ့၊ ဗျိုင်းဖြူရွာသား မဟုတ်တာတော့ သေချာတယ်၊ အဲဒီလူသုံးယောက်က လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ယောက်ရဲ့ သေနတ်ကို လုယူပြီးရန်ပြုဖိုကြိုးစားတယ်။ ဒါကြောင့်မို့လို့ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ပစ်ခတ်ခဲ့ရတယ်။ ပစ်ခတ်ခဲ့တဲ့နေရာမှာ ခုနက သေနတ်လုယူတဲ့ အမျိုးသား သုံးဦးသေဆုံးခဲ့တာရှိတယ်။ အဲဒီအထဲမှာ မသက်သာတဲ့သူ လူ ၂၀ လောက်ကို ခေါ်ယူထိန်းသိမ်းပြီးတော့မှ စစ်ဆေးလျက်ရှိတယ်။ အဲဒီအထဲမှာ ပါတဲ့ AA ရဲ့ ယုတ်မာကောက်ကျစ်ပြီး ဝါဒဖြန့်မှုဖြစ်တဲ့ လူ ၄၀ လောက် သေဆုံးတယ်တို့၊ အမျိုးသမီးတွေကို အမမှုပြုကျင့်သွားတယ်ဆိုတဲ့ ကိစ္စမျိုး ဖြစ်ပျက်ခဲ့ခြင်း မရှိပါဘူး။

AA အနေနဲ့ ဒါတွေဘာလို့လုပ်သလဲဆိုတော့ AA အနေနဲ့က ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်မြို့နယ်အတွင်းမှာ ဘင်္ဂါလီတွေကို သတ်ဖြတ်ခဲ့တယ်။ ဘင်္ဂါလီတွေရဲ့ အိမ်တွေကို မီးရှို့ခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ လူမှုအဖွဲ့အစည်းတွေ၊ မီဒီယာတွေ၊ ကမ္ဘာ့အဖွဲ့အစည်းအချို့က၊ နိုင်ငံတကာအဖွဲ့အစည်းအချို့က သူတို့ကို ဖိအားပေးတဲ့အချိန်မှာ မဟုတ်မမှန် လုပ်ကြံဖွဲ့စွဲခြင်းသာ ဖြစ်ပါတယ်။ ဘူးသီးတောင်မြို့မှာဆိုရင် မေလ ၁၇ ရက်နေ့၊ ၁၈ ရက်နေ့ အဆိုးဆုံးပါပဲ။ မေလ ၁၇ ရက်နေ့ ည ၉ နာရီခွဲလောက်ကဆိုရင် AA အနေနဲ့ ဘူးသီးတောင်မြို့ထဲကို ဝင်ရောက်လာတဲ့အကြောင်း သတင်းရတယ်။ ပြီးရင် ဘင်္ဂါလီတွေရဲ့ နေအိမ်တွေကို မီးရှို့ခဲ့ပြီး ဘင်္ဂါလီ အားလုံးကို ထွက်သွားဖို့ဆိုပြီး နှင်ထုတ်ခဲ့တာမျိုး ရှိပါတယ်။ ဒါ့အပြင် ဘူးသီးတောင်နားလေးမှာရှိတဲ့ ကျေးရွာတွေ အိုးသည်ရွာတို့၊ ပြီးရင် ဘူးသီးတောင်အရှေ့ဘက်မှာရှိတဲ့ရွာတို့ အားလုံးကို ဘင်္ဂါလီတွေရဲ့ ရွာများကို မီးရှို့ခဲ့တာဖြစ်တယ်။ ဒါ့အပြင် အစုလိုက် အပြုလိုက် သတ်ဖြတ်မှုတွေရှိတယ်ဆိုတဲ့ သတင်းတွေလည်း ရရှိပါတယ်။ အထောက်အထား ခိုင်လုံစွာနဲ့ ရရှိတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ ဖုံးကွယ်ဖို့အတွက် လုပ်ဆောင်နေတာဖြစ်တယ်။

ဒါကို ကျွန်တော် ယခင်တစ်ခါလည်းပြောခဲ့ပြီးပါပြီ၊ AA အနေနဲ့က တစ်ဖက်သတ်အစွန်းရောက် လူမျိုးရေးခွဲခြားမှု၊ တစ်ဖက်သတ် အစွန်းရောက် လူမျိုးရေးလှုံ့ဆော်မှုတွေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ တည့်တည့်ပြောရရင် ဒီ AA အဖွဲ့အစည်းဟာ ဗမာမုန်းတီးရေး၊ ဘင်္ဂါလီမုန်းတီးရေး၊ ဒ့အပြင် အဲဒီမှာရှိနေတဲ့ လူမျိုးစုငယ်တွေဖြစ်တဲ့ မြို၊ ခမီ၊ သက်၊ ခိုင်းနက်စတဲ့ တိုင်းရင်းသားလူမျိုးစုနွယ်တွေကိုပါ မုန်းတီးရေးလုပ်နေတဲ့ အဖွဲ့အစည်းပဲ ဖြစ်ပါတယ်။ ဒ့အပြင် မူးယစ်ဆေးဝါးနဲ့ရပ်တည်နေတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ယခင်ကလည်း ကျွန်တော်တို့ AA ကနေပြီး AA တပ်ဖွဲ့ဝင်တွေ၊ AA ကိုထောက်ပံ့နေတဲ့ အဖွဲ့တွေရဲ့ မူးယစ်ဆေးဝါး သယ်ဆောင်မှုတွေ၊ ဖြန့်ဖြူးမှုတွေ အကြောင်း ပြောခဲ့ပြီးပါပြီ။ အခု အနီးဆုံးအနေနဲ့ မတ်လ ၂၁ ရက်နေ့မှာဆိုရင် AA ရဲ့ ထောက်ပံ့ရေး တာဝန်ခံ တရားခံပြေး သန့်ဇင်ဦးက ဘူးသီးတောင်မြို့မှာနေတဲ့ AA သောင်းကျန်းသူအဖွဲ့ရဲ့ထောက်ပံ့ရေး တာဝန်ခံ တရားခံပြေး မေယုထွန်းနဲ့ ချိတ်ဆက်ပြီးတော့ မူးယစ်ဆေးဝါးတွေ ရန်ကုန်ကနေတစ်ဆင့် စစ်တွေ၊ ဘူးသီးတောင်ကို ပို့ဆောင်ဖို့ လုပ်ဆောင်နေတဲ့အကြောင်း တာဝန်သိပြည်သူတစ်ဦးရဲ့ သတင်းပေးချက်အရ ရန်ကုန် တာမွေမြို့နယ်မှာ ဝင်ရောက်ဖမ်းဆီးခဲ့တယ်။ တရားခံ ထွန်းသိန်းအောင်နဲ့ သူ့ရဲ့ဇနီး နှစ်ယောက် ဖမ်းမိပါတယ်။ သူတို့ရဲ့ ထွက်ဆိုချက်အရ ကျွန်တော်တို့ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဆိပ်ကမ်းမှာရှိတဲ့ အမှတ် (၂) တံတားမှာ ဆိုက်ကပ်ထားတဲ့ ရန်ကုန်- စစ်တွေ ပြေးဆွဲနေတဲ့ အမ်ဒွီ- စိန်ပြည့်မင်း ကုန်တင်သင်္ဘောကို ဝင်ရောက်စစ်ဆေးတဲ့အခါမှာ စက္ကူဖာတွေ အတွင်းက WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်သန်းနဲ့ ကာလတန်ဖိုးငွေ တစ်ဘီလီယံကျပ်ခန့် ဖမ်းဆီးရရှိခဲ့တာ ဖြစ်တယ်။ သူတို့ကို ကျွန်တော်တို့ ဖမ်းဆီးတဲ့နေရာမှာ စစ်တွေမြို့ ဘောက်သီးစုရပ်ကွက်မှာရှိတဲ့ တရားခံပြေး သန့်ဇင်ဦးကနေ ရန်ကုန်ကနေ စစ်တွေကို ပို့ပေးရင် ငွေပေးမယ်ဆိုပြီး သဘောတူ လက်ခံခဲ့တာ ဖြစ်တယ်။ ပြီးရင်ဒီ အမ်ဒွီ-စိန်ပြည့်မင်း သင်္ဘောပေါ်မှာ တင်ခဲ့တာဖြစ်တယ်။

၂၀၁၆ ခုနှစ်ကနေ ဒီမတ်လအတွင်း AA သောင်းကျန်းသူအဖွဲ့နဲ့ ဆက်စပ်တဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ကိုးကြိမ် ရှိခဲ့တယ်။ မူးယစ်ဆေးဝါးကာလတန်ဖိုး ၂၉၄ ဒသမ ၈၂ ဘီလီယံ ကျပ်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မေလ ၂၉ ရက်နေ့မှာလည်း AA အကြမ်းဖက်အဖွဲ့ကို ပို့မယ့် ရန်ကုန်ကနေ ပြည်ကို မောင်းနှင်လာတဲ့ မော်တော်ယာဉ် တစ်စီးပေါ့။ အဲဒီမှာ ထွန်းထွန်းဝင်း၊ တေဇ သူတို့ သယ်ဆောင်လာတဲ့ အုတ်ခဲတွေနဲ့ရောသယ်ဆောင်လာတဲ့ ကားတစ်စီးကို စစ်ဆေးခဲ့တယ်။ အဲဒီမှာ WY စာတန်းပါ မူးယစ်ဆေးဝါး အုတ်ခဲပုံ အထုပ် ၂၀ စီပါတဲ့ အိတ် ၁၀ အိတ်၊ အုတ်ခဲပုံအထုပ်၁၀ ခုစီပါတဲ့ အိတ် ကိုးအိတ် WY စာတန်းပါ ဆေးပြားစုစုပေါင်း ၂၉ သိန်း၊ ကာလတန်ဖိုးငွေကျပ် သိန်း နှစ်သောင်းလောက် ဖမ်းဆီးရမိခဲ့ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ ခုနကပြောသလို လူမျိုးရေးအစွန်းရောက်လှုံ့ဆော်မှုတွေ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွေ၊ မီးရှို့ဖျက်ဆီးမှုတွေကို ရခိုင်ပြည်နယ်အတွင်းမှာ လုပ်ဆောင်နေတဲ့အပြင်၊ ရခိုင်ပြည်နယ်အတွင်းမှာ တစ်မျိုးသားလုံးလူညွှန့်တုံးစေဖို့ မူးယစ်ဆေးဝါးရောင်းဝယ်တာတွေ၊ ဖြန့်ဖြူးတာတွေ ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။

တိုင်းရင်းသား မိဘညီအစ်ကို မောင်နှမများ၊ ပြည်သူများအနေနဲ့ သူတို့ရဲ့ အစွန်းရောက်လုပ်ရပ်တွေ၊ ရခိုင်တစ်မျိုးသားလုံးကို လူညွှန့်တုံးစေမယ့် မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားမှုလုပ်ငန်းတွေ လုပ်ဆောင်နေတဲ့ ဒီအကြမ်းဖက်သောင်းကျန်းသူ AA အဖွဲ့ကို သတိရှိဖို့လိုပါတယ်။ ဒီဟာတွေကို ဆောင်ရွက်နေခြင်းဟာ ရခိုင်ပြည်နယ် ရခိုင်ပြည်သူလူထု ကျွန်တော်တို့ မြန်မာနိုင်ငံ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် အကျိုးယုတ်စေမယ့် လုပ်ငန်းတွေပဲဖြစ်လို့ အားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့ သတိပေးပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာအသင်း ကမ္ဘောဒီးယားနှင့် စတင်ကစားရမည်

ရန်ကုန် ဇွန် ၄

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၄ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထုတ်ပြန်လိုက်ပြီဖြစ်ပြီး မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဇွန် ၂၂ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ ဇွန် ၂၅ ရက်တွင် ဘရူနိုင်းအသင်း၊ ဇွန် ၂၈ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဇွန် ၂၁ ရက်မှ ဇူလိုင် ၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် အိမ်ရှင်အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အုပ်စု (ဂ) တွင် ထိုင်း၊ မလေးရှား၊ တီမောနှင့် သြစတြေးလျှ အသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးသုံးသင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံး တစ်သင်း စုစုပေါင်း လေးသင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား မီတမီချီတာယုက ကိုင်တွယ်နေပြီး ၎င်းလက်ထက် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ပြိုင်ပွဲမတိုင်မီ ပြည်တွင်းခြေစမ်းပွဲများသာ ကစားရသေးသလို ကစားသမားများ အတွေ့အကြုံရစေရန် Junior Lions အသင်း အမည်ဖြင့် MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ရဲရင့်လွင်

မုတ်သုံလေ အားအသင့်အတင့်ရှိနေ

နေပြည်တော် ဇွန် ၄

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မိုး/၈လ

ကရင်ပြည်နယ်အတွင်း အခြေခံပညာ ကျောင်းပေါင်း ၁၂၃၇ ကျောင်း၌ ကျောင်းသား ကျောင်းသူ ၁၉၁၁၈၀ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိ

ဘားအံ ဇွန် ၄

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၃ ရက်မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်နယ်ပညာရေးမှူးရုံး၏ စာရင်းများအရ ဇွန် ၄ ရက်တွင်

ကရင်ပြည်နယ်အတွင်း တောင်ကလေးဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် အခြေခံပညာကျောင်းများ စုစုပေါင်း ၁၂၃၇ ကျောင်း၌ ကျောင်းသား ကျောင်းသူ ၁၉၁၁၈၀ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသအာဏာပိုင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ဆရာ၊ ဆရာမများက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့ရပြီး ကျောင်းအပ်နှံရသေးခြင်းမရှိသေးသည့် ကျောင်းသား ကျောင်းသူများကိုလည်း ကျောင်းအပ်လက်ခံပေးလျက်ရှိကာ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး တာဝန်ရှိသူများက ခြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ ပြည်နယ်(ပြန်/ဆက်)

၂၀၂၄-၂၀၂၅ ပညာသင်နှစ် နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ၌ ပညာသင်ကြားမှု ဓာတ်ပုံမြင်ကွင်း

နိုင်ငံတစ်ဝန်းလုံး၌ အခြေခံပညာကျောင်းများကို ဇွန် ၃ ရက်မှစ၍ ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အသီးသီးမှ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ယနေ့ (ဇွန် ၄ ရက်) ၌ ပညာသင်ကြားနေမှုမြင်ကွင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့

နေပြည်တော်ကောင်စီနယ်မြေ။ သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး။ ညိမ်းသူ

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်ပန်းတောင်းကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း။ နိုင်လင်းအောင်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်။ (အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း စုစုပေါင်း ၂၀၉ ကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိသည်) ရွှေမိုးညှင်း

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်။ (မူလတန်း ၂၁၄၉ ဦး၊ အလယ်တန်း ၄၅၇၄ ဦး၊ အထက်တန်း ၁၅၃၈ ဦး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၁၀၆ ဦး ပညာသင်ကြားလျက်ရှိသည်) သန်းသန်းထွေး

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ အထက (၁)၌ ပညာသင်ကြားသည့် ကိုရင်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ကျောင်းသား ကျောင်းသူများ။ ခရိုင်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်။ တွံတေးသား

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်။ ဒီပါလင်း

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

ရာသီဥတုပြောင်းလဲမှုဒဏ်ကို အန်တုနိုင်ဖို့ မြေရဲ့အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြစို့

ကျော်နိုင်ဦး (ပတ်ဝန်းကျင်)

❑ မြေယာပြန်လည်ပြုပြင်ခြင်းလုပ်ငန်းရဲ့ အကျိုးကျေးဇူးအနေနဲ့ ဂေဟစနစ်တွေ ပြန်လည်ကောင်းမွန်ပြီး ဇီဝမျိုးစုံမျိုးကွဲတွေ ပိုမိုကြွယ်ဝလာကာ သဲကန္တာရဖြစ်ထွန်းမှုနဲ့ မိုးခေါင်ရေရှားမှု ဖြစ်စဉ်တွေကို တားဆီးကာကွယ်နိုင်မှာ အသေအချာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကုလသမဂ္ဂရဲ့ ကမ္ဘာလုံးဆိုင်ရာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ၁၇ ချက်အနက်က အချက်ပေါင်းများစွာကို ထိထိမိမိ အောင်မြင်ဖို့အတွက် အလွန်အထောက်အကူပြု အရေးပါလှတဲ့ လုပ်ငန်းဖြစ်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်ရေးနေ့ (World Environment Day)ဟာ နှစ်စဉ် ဇွန်လ ၅ ရက်နေ့ ရောက်တိုင်း ကုလသမဂ္ဂကဦးဆောင်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ အထိမ်းအမှတ်အခမ်းအနားတွေ၊ လူထုလှုပ်ရှားမှုတွေ ကျင်းပပြုလုပ်ကြတဲ့ အကြီးမားဆုံး ပတ်ဝန်းကျင်ဆိုင်ရာ အထင်ကရနေ့တစ်နေ့ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားတွေ အားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ အပေါ် အာရုံစူးစိုက်လာမိစေဖို့၊ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာမျှဝေမှုတွေ မြှင့်တင်နိုင်ဖို့၊ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးနေမှုပြဿနာတွေထဲက အခြေအနေ၊ အချိန်အခါအပေါ် မူတည်ပြီး ဖြစ်ပွားပေါ်ပေါက်နေတဲ့ အရေးကြီးပြဿနာရပ်တွေ၊ အဓိကစိန်ခေါ်မှုတွေကို သိရှိကာ ပိုမိုအလေးထားဖြေရှင်းဆောင်ရွက်ကြစေဖို့ စတဲ့ရည်ရွယ်ချက်ကောင်းများစွာနဲ့ ကျင်းပပြုလုပ်တာဖြစ်ပါတယ်။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) က ၁၉۷၄ ခုနှစ်မှစပြီး နှစ်စဉ်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပဲ့ဒီတွေကို သတ်မှတ်ပေးခဲ့ပြီး ၁၉၈၇ ခုနှစ်ကစပြီး အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်အခမ်းအနားတွေကို ကမ္ဘာနိုင်ငံအသီးသီးရှိ မြို့ကြီးတွေမှာ နှစ်စဉ်လှည့်လည် ကျင်းပခဲ့ပါတယ်။ ယခု ၂၀၂၄ ခုနှစ်မှာတော့ ကမ္ဘာ့အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို အိမ်ရှင်နိုင်ငံအဖြစ် ဆော်ဒီအာရေဗျနိုင်ငံမှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ကတော့ **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး (Land Restoration, Desertification and Drought Resilience)"** ဖြစ်ပါတယ်။

ဆောင်ပုဒ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ယနေ့အချိန်အခါမှာ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုနဲ့အတူ သဲကန္တာရဖြစ်ထွန်းမှု အလားအလာတွေနဲ့ မိုးခေါင်ရေရှားမှုဖြစ်စဉ်တွေ ပိုမိုကြုံတွေ့လာနေတဲ့အတွက် ကမ္ဘာလူဦးရေ ထက်ဝက်နီးပါးခန့်အပေါ် စီးပွားရေး၊ လူမှုရေးနဲ့ ကျန်းမာရေးဆိုင်ရာဆိုးကျိုးတွေ သက်ရောက်နေရပါတယ်။ ဒါကြောင့် ကမ္ဘာ့လူသားရဲ့ အသက်မွေးဝမ်းကျောင်းနဲ့ စားနပ်ရိက္ခာတွေ ပြည့်ဝဖူလုံစေဖို့အတွက် အဓိကအရေးအကြီးဆုံး အခြေခံကဏ္ဍတစ်ရပ်ဖြစ်တဲ့ မြေယာပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ မြှင့်တင်ဆောင်ရွက်နိုင်ကြစေဖို့အတွက် အချိန်အခါကိုက် တိုက်တွန်းနှိုးဆော်ထားခြင်း ဖြစ်ပါတယ်။

သဲကန္တာရဖြစ်ထွန်းခြင်း (Desertification)

သဲကန္တာရဆိုတာ ကမ္ဘာပေါ်မှာ အခြောက်သွေ့ဆုံးဒေသတွေဖြစ်ပြီး တစ်နှစ်ပတ်လုံး ရေငွေ့အလိုပြနေတဲ့ နေရာတွေဖြစ်ပါတယ်။ အပင်တွေ လုံးဝနီးပါး မရှိတဲ့ ပတ်ဝန်းကျင်တစ်ခုလို့လည်း တချို့က ဆိုကြပါတယ်။ သဲကန္တာရတွေမှာ တစ်နှစ်အတွင်း မိုးရွာခြင်းနဲ့မိုးသီး နှင်းပွင့် စသည်တို့ကျဆင်းရာက ရရှိတဲ့ ရေပမာဏဟာ ၁၀ လက်မ (၂၅၀မီလီလီတာ)ထက် နည်းကြပါတယ်။ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်တဲ့ မြေသယံဇာတ စီမံခန့်ခွဲမှုဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ ၁၉۷၄ ခုနှစ်က တရားဝင်သဘောတူဖွဲ့စည်းချုပ်ဆိုထားတဲ့ ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်းအဖွဲ့ (United Nations Convention to Combat Desertification–UNCCD)က သဲကန္တာရဖြစ်ထွန်းလာမှုရဲ့ ဝိသေသလက္ခဏာတွေကို ဖော်ထုတ်သတ်မှတ်ထားရှိခဲ့ပါတယ်။

(၁) မိုးရွာသွန်းမှုပုံစံ မမှန်ခြင်း၊ မိုးရွာသွန်းမှုအကြိမ်ရေ နည်းပါးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း (၂) လေထုနှင့် မြေထုအပူချိန်မြင့်မားမှုဇယား ကြာရှည်စွာ ခံစားရခြင်း (၃) အပူချိန်အတက်အကျလွန်ကဲခြင်း (၄) မြေဆီလွှာရေငွေ့ပြန်နှုန်းမြင့်မားခြင်း (၅) စိုထိုင်းဆနိမ့်ခြင်း (၆) မြေဆီလွှာခန်းခြောက်ခြင်းနှင့် မြေအရည်အသွေး အဆင့်အတန်းနိမ့်ကျခြင်း (၇) ရေနှင့်လေတိုက်စားမှုကြောင့် အပေါ်ယံ မြေဆီလွှာတိုက်စားမှုများခြင်း စတဲ့ အချက်တွေဟာ UNCCD က သတ်မှတ်ထားတဲ့ သဲကန္တာရဖြစ်ထွန်းလာမှုရဲ့ ဝိသေသလက္ခဏာတွေပဲ ဖြစ်ပါတယ်။

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၈၀၀၀ ကျော်အထိ အဆမတန်တိုးတက်လာမှုနဲ့အတူ သစ်နှင့် သစ်တောထွက်ပစ္စည်းတွေ အလွန်အကျွံထုတ်ယူခြင်း၊ စိုက်ပျိုးမြေတွေ ချဲ့ထွင်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ စားကျက်ချခြင်း၊ မြို့ရွာတွေ တိုးချဲ့တည်ထောင်ခြင်း၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းတွေ ကမ္ဘာမြေကြီးပေါ်သို့ မဆင်မခြင်စွန့်ထုတ်ခြင်းစတဲ့ လူတွေရဲ့အမျိုးမျိုးသော လုပ်ဆောင်ချက်တွေကြောင့် မြေဆီလွှာပျက်စီးခြင်းတွေ ဖြစ်ပေါ်လာပြီး အပူပိုင်းဂေဟစနစ်တွေ ပျက်စီးလာကာ သဲကန္တာရဖြစ်ထွန်းလာရခြင်း ဖြစ်ပါတယ်။

မြေဆီလွှာတွေပျက်စီးပြီး မိုးခေါင်ရေရှားခြင်းနဲ့ ပူပြင်းခြောက်သွေ့မှုဒဏ်တွေကြောင့် စားနပ်ရိက္ခာထုတ်လုပ်နိုင်မှု ကျဆင်းလာတဲ့အခါ အဲဒီဒေသနေပြည်သူတွေရဲ့ လူမှုစီးပွားဆိုင်ရာပြဿနာတွေ ဆက်တိုက်ရင်ဆိုင် ကြုံတွေ့လာကြရပါတယ်။ UNCCD ရဲ့ ထုတ်ပြန်ချက်တွေအရ ယနေ့အချိန်မှာ သဲကန္တာရဖြစ်ထွန်းလာမှုရဲ့ ဝိသေသလက္ခဏာတွေကြောင့် ကမ္ဘာတစ်ဝန်း စိုက်ပျိုးနိုင်တဲ့မြေဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ အရည်အသွေးကျဆင်းခဲ့ကြောင်းနဲ့ သဲကန္တာရဖြစ်ထွန်းမှုကြောင့် လူသားသန်းပေါင်း ၂၅၀ ရဲ့ အသက်အိုးအိမ်များကို ထိခိုက်စေလျက်ရှိကြောင်း ခန့်မှန်းထားတာကို လေ့လာသိရှိရပါတယ်။ သဲကန္တာရဖြစ်ထွန်းလာခြင်းဟာ လူသူအများ သတိပြုမိမှု နည်းပါးပြီး ၎င်းရဲ့ ဆင့်ကဲ ဖြစ်စဉ်တွေအရ တစ်စတစ်စတိုးဖြင့်လာတတ်ကာ သဲကန္တာရဖြစ်ပေါ်ခဲ့ရင် ပြန်လည်ကုစားရခက်တဲ့ ပြဿနာတစ်ရပ် ဖြစ်လာတတ်ပါတယ်။

မိုးခေါင်ရေရှားခြင်း (Drought)

ပတ်ဝန်းကျင်တစ်ခုမှာ မိုးခေါင်ရေရှားမှုဖြစ်ပေါ်ရင် သာမန်အခြေအနေထက် ပိုပြီးခြောက်သွေ့တဲ့ကာလကို ရင်ဆိုင်ကြုံတွေ့ကြရတာ အများသိရှိထားကြပြီး ဖြစ်ပါတယ်။ မိုးခေါင်ခြင်းကြောင့် ဂေဟစနစ်နဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေအပေါ် ဆိုးကျိုးများစွာကြုံတွေ့ကြရပါတယ်။ အပူပိုင်းဒေသတွေမှာ ဆိုရင် နှစ်စဉ်ခြောက်သွေ့တဲ့ ရာသီရောက်လာတဲ့ အခါမိုးခေါင်ခြင်းကြောင့် တောမီးလောင်ကျွမ်းမှုတွေ ပိုမိုဖြစ်ပေါ်စေတတ်ပါတယ်။ မိုးခေါင်မှုကြောင့် ပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေး သုံးခုစလုံးကို ထိခိုက်စေရပါတယ်။ သောက်သုံးရေတွေ ခန်းခြောက်လာခြင်း၊ ရေဝပ်ဧရိယာတွေ ခန်းခြောက်လာခြင်း၊ စိုက်ပျိုးရေတွေ ဆုံးရှုံးလာခြင်း၊ နောက်ဆက်တွဲအနေနဲ့ အစားအစာ ထုတ်လုပ်နိုင်မှုတွေ ပိုမိုခက်ခဲလာစေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲတွေ ဆုံးရှုံးပျောက်ကွယ်ခြင်း၊ ဆည်ရေပေးဝေရေးလုပ်ငန်းတွေနဲ့ ရေအားလျှပ်စစ်အတွက် လိုအပ်တဲ့ ရေတွေခန်းခြောက်လာစေခြင်း၊ အပူလှိုင်းဖြတ်မှုနဲ့ အပူဒဏ်ကြောင့် လူသားတွေရဲ့ ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေခြင်း၊ ကြာရှည်တဲ့ မိုးခေါင်ရေရှားမှုဖြစ်ခဲ့ရင် ကမ္ဘာ့လူသားတွေဟာ ကြီးမားတဲ့ ရွှေ့ပြောင်းနေထိုင်မှုတွေနဲ့အတူ လူမှုရေးပြဿနာများစွာ ဖြစ်ပေါ်လာစေမှာ ဖြစ်ပါတယ်။

ပြင်းထန်တဲ့သဘာဝဘေးအန္တရာယ်တွေ ဖြစ်တဲ့ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စတဲ့ဖြစ်စဉ်တွေနဲ့ မတူတာကတော့ မိုးခေါင်ရေရှားမှုဟာ ဒေသတစ်ခုမှာ တဖြည်းဖြည်း တိတ်တဆိတ်ဖြစ်ပေါ်လာနေတတ်တာပဲ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ မိုးခေါင်ရေရှားမှုဒဏ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ အတွင်း အခြားသဘာဝဘေးတွေထက် လူတွေကို ပိုမိုဆိုးရွားစွာ ထိခိုက်ခံစားရကြောင်း မှတ်သားသိရှိရပါတယ်။

မြေသယံဇာတများ အဆင့်အတန်း ယုတ်လျော့ပျက်စီးလာခြင်း

မြေသယံဇာတတွေ ပျက်စီးယိုယွင်းခြင်းဆိုတာ သဘာဝဖြစ်စဉ်နဲ့ လူသားတွေရဲ့ လုပ်ဆောင်မှုအမျိုးမျိုးကြောင့် မြေကြီးရဲ့ ဇီဝဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ဓာတုဆိုင်ရာ တန်ဖိုးတွေ ယုတ်လျော့ကျဆင်းလာတဲ့ ဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ သဘာဝဖြစ်စဉ်တွေဖြစ်တဲ့ မြေငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ တောမီးလောင်ကျွမ်းခြင်း စတာတွေကြောင့်ဖြစ်ရသလို လူသားတွေရဲ့ အမျိုးမျိုးသောလုပ်ဆောင်မှုတွေကြောင့် ကမ္ဘာ့မြေထုကို ပိုပြီးပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေရပါတယ်။ မြေတွေအပြောင်းရှင်းခြင်းနဲ့ သစ်တောပြုန်းတီးခြင်းဟာ မြေအဆင့်အတန်းကျဆင်းလာရမှုရဲ့ အဓိကအကြောင်းရင်းများစွာထဲက တစ်ချက်ဖြစ်ပါတယ်။

နေ့စဉ်နဲ့အမျှ ပိုမိုမြင့်တက်လာတဲ့ စားနပ်ရိက္ခာလိုအပ်ချက်တွေကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေအပေါ် ဒီအားတွေဖြစ်စေကာ သစ်တောမြေဟက်တာသန်းပေါင်းများစွာဟာ စိုက်ပျိုးမြေလိုအပ်ချက်အတွက် ဖျက်ဆီးခြင်းကို ခံနေရပါတယ်။ အဲဒီလို သစ်တောတွေပြုန်းတီးမှုနဲ့ ရေရှည်မဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်မှုတွေအပါအဝင် မြို့ပြတွေ ပိုမိုကျယ်ပြန့်လာပြီး ဓာတ်သတ္တုတူးဖော်မှုနဲ့ ဘေးအန္တရာယ်ရှိ အမှိုက်တွေ အပါအဝင် စွန့်ပစ်ပစ္စည်းတွေ စည်းကမ်းမဲ့စွန့်ပစ်မှု စတာတွေကြောင့် ကမ္ဘာ့မြေမျက်နှာပြင်အားလုံးရဲ့ ၂၅ ရာခိုင်နှုန်းဟာ ထိခိုက်ပျက်စီးဆုံးရှုံးနေရပါတယ်။ မြေသယံဇာတတွေ အဆင့်အတန်းနိမ့်ကျပြီး ပျက်စီးယိုယွင်းလာတဲ့အခါ အကျိုးရလဒ်အနေနဲ့ လူသားတွေ အသက်ရှင်သန်ရေး၊ အသက်မွေးဝမ်းကျောင်းနဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် ထောက်ပံ့ပေးနေတဲ့ ဂေဟစနစ်ဝန်ဆောင်မှုတွေ ဆုံးရှုံးလာရပါတော့တယ်။

မြေယာပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း (Land Restoration)

မြေယာပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းဆိုတာ တဖြည်းဖြည်းချင်း အဆင့်အတန်း ယုတ်လျော့ပျက်စီးလာနေတဲ့ မြေသယံဇာတတွေကို သစ်တော၊ သစ်ပင်တွေ ပြန်လည်ထူထောင်စိုက်ပျိုးခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေသယံဇာတတွေ စနစ်တကျစီမံခန့်ခွဲခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း စတဲ့လုပ်ငန်းတွေ လုပ်ဆောင်ပေးရင်း မြေထုကို နဂိုမူလအခြေအနေပြန်ရအောင် ပြန်လည်ပြုပြင်မွမ်းမံပေးတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။

စာမျက်နှာ ၁၂ သို့

○ မြန်မာနိုင်ငံဟာ လက်ရှိအချိန်မှာ သဲကန္တာရဖြစ်ထွန်းမှု မရှိသေးပေမယ့် ရာသီဥတုပြောင်းလဲလာမှုဖြစ်စဉ်တွေ၊ မိုးခေါင်ရေရှားမှုနဲ့ စံချိန်သစ်တင်တဲ့ အပူချိန်မြင့်မားမှုတွေ ဆက်တိုက်ကြုံတွေ့လာရပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ သဲကန္တာရဆန်တဲ့ မြေဖွဲ့စည်းမှုတွေ တွေ့ရှိလာနေပါတယ်။ နောင်အနာဂတ်မှာ သဲကန္တာရဖြစ်ထွန်းမှုနဲ့ မိုးခေါင်ရေရှားမှုတွေ ဖြစ်ပွားမလာစေဖို့ နည်းမျိုးစုံနဲ့ ကြိုတင်စီမံဆောင်ရွက်ကြရမှာဖြစ်

စာမျက်နှာ ၁၁ မှ

ကောင်းမွန်ကျန်းမာသန်စွမ်းတဲ့ မြေဆီလွှာဟာ လေထုထဲမှာရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏကို သိသိသာသာသိုလှောင်စုပ်ယူ ပေးထားနိုင်စွမ်းရှိပါတယ်။ ကုန်းမြေဂေဟစနစ်မှာ သိုမှီးထားတဲ့ ကာဗွန်ဒိုင်အောက်ဆိုက် ၈၀ ရာခိုင်နှုန်း နီးပါးကို မြေကြီးထဲမှာ တွေ့ရှိရတာဖြစ်ပါတယ်။ ဒါကြောင့် အဆင့်အတန်းယုတ်လျော့ ပျက်စီးနေတဲ့ မြေယာတွေကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းဟာ ကာဗွန်ဒိုင်အောက်ဆိုက် အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုကို လျှော့ချပေးနိုင်တဲ့အတွက် ကမ္ဘာကြီးပူနွေးလာမှုနဲ့ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို များစွာလျှော့ချပေးနိုင်မှာ ဧကန်မုချ ဖြစ်ပါတယ်။

မြေယာပြန်လည်ပြုပြင်ခြင်းလုပ်ငန်းရဲ့ အကျိုးကျေးဇူးအနေနဲ့ဂေဟစနစ်တွေပြန်လည်ကောင်းမွန်ပြီး ဇီဝမျိုးစုံမျိုးကွဲတွေ ပိုမိုကြွယ်ဝလာကာ သဲကန္တာရဖြစ်ထွန်းမှုနဲ့ မိုးခေါင်ရေရှားမှုဖြစ်စဉ်တွေကို တားဆီးကာကွယ်နိုင်မှာ အသေအချာပဲ ဖြစ်ပါတယ်။ ဒုဿကြောင့် ကုလသမဂ္ဂရဲ့ ကမ္ဘာလုံးဆိုင်ရာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ၁၇ ချက် အနက်က အချက်ပေါင်းများစွာကို ထိထိမိမိ အောင်မြင်ဖို့အတွက် အလွန်အထောက်အကူပြု အရေးပါလှတဲ့လုပ်ငန်း ဖြစ်ပါတယ်။

ကုလသမဂ္ဂဂေဟစနစ် ပြန်လည်ထူထောင်ရေးဆယ်စုနှစ်

ကမ္ဘာတစ်ဝန်းလုံးရှိ ဂေဟစနစ်တွေကို ကာကွယ်ဖို့နဲ့ ပြန်လည်ရှင်သန်ကောင်းမွန်ဖို့ ၂၀၂၁ မှ ၂၀၃၀ ပြည့်နှစ်အထိကို ကုလသမဂ္ဂဂေဟစနစ် ပြန်လည်ထူထောင်ရေး ဆယ်စုနှစ် (UN Decade on Ecosystem Restoration) အဖြစ် သတ်မှတ်ထားရှိပြီး နိုင်ငံတကာမှာ ဂေဟစနစ်ထိန်းသိမ်းရေး လုပ်ငန်းတွေ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေကြပါတယ်။ မြေယာပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းဟာ ဂေဟစနစ်ထိန်းသိမ်းရေးမှာ အဓိကကျတဲ့ မဏ္ဍိုင်တစ်ရပ်ဖြစ်လို့နေပါတယ်။ ကောင်းမွန်ကျန်းမာသန်စွမ်းတဲ့ မြေထုကသာ ကျန်းမာသန်စွမ်းတဲ့ ဂေဟစနစ်ကို ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။

မြေယာပြန်လည်ပြုပြင်ခြင်း လုပ်ငန်းတွေ လုပ်ဆောင်ခြင်းဖြင့် စိုက်ပျိုးမြေဆီလွှာတွေ ပိုမိုကောင်းမွန်လာခြင်း၊ မြေပေါ်/မြေအောက် ရေထိန်းသိမ်းမှုကို မြှင့်တင်နိုင်ခြင်း၊ သယံဇာတတွေ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်ခြင်း စတာတွေ အပြင် အပင်နဲ့သတ္တဝါတွေအတွက် ကျက်စားနယ်မြေတွေ ပေါ်ထွန်းလာစေကာ ဇီဝမျိုးစုံမျိုးကွဲတွေ ထိန်းသိမ်းရေးမှာ များစွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ မြေယာပြန်လည်ပြုပြင်ရေး ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံဟာ ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း(UNCCD) အဖွဲ့ဝင် နိုင်ငံအဖြစ် ၁၉၉၇ခုနှစ် ဇန်နဝါရီလမှာ ဝင်ရောက်ခဲ့ပြီး နိုင်ငံအဆင့် သဲကန္တာရ တိုက်ဖျက်ရေးစီမံချက်တွေ ရေးဆွဲကာ နိုင်ငံတကာနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါတယ်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံမှာ သန့်ရှင်းသော ပတ်ဝန်းကျင်နဲ့ ကောင်းမွန်တဲ့ဂေဟစနစ်တွေ ရရှိစေဖို့၊ ရာသီဥတုပြောင်းလဲမှု ဟန့်တားတိုက်ဖျက်ဖို့၊ စီးပွားရေးနဲ့လူမှုရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့ အတွက် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်စွန်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်း အမိန့်၊ မြန်မာနိုင်ငံအမျိုးသား အဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနဲ့ ပင်မလုပ်ငန်းအစီအစဉ်၊ အမျိုးသား မြေပေါ်ရေ အရည်အသွေး စံချိန်စံညွှန်း စတာတို့ကို ထုတ်ပြန်ပြဋ္ဌာန်းကာ နိုင်ငံရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍကို အစွမ်းကုန် အာဘက်ဘက်က မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။

မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့သင့်လျော်မယ့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချ ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ် (Nationally Determined Contributions – NDCs) အစီရင်ခံစာကို ရေးဆွဲ အတည်ပြုထားရှိပြီးဖြစ်ကာ စွမ်းအင်ကဏ္ဍ၊ သစ်တောနဲ့ အခြားမြေအသုံးချမှုကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတွေမှာ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး ရည်မှန်းချက်တွေ ချမှတ်ပြီး အစီရင်ခံစာပါ ကတိကဝတ်တွေနဲ့အညီ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါတယ်။ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းတွေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ထုတ်ပြန်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်တွေနဲ့အညီ လေထု၊ ရေထု၊ မြေထုအရည်အသွေး စဉ်ဆက်မပြတ် တိုင်းတာစောင့်ကြပ် စစ်ဆေးခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးလှုပ်ရှားမှုတွေ ဆောင်ရွက်ခြင်းအပါအဝင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းကိစ္စအဝဝကို ဘက်စုံထောင့်စုံမှ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။

မြန်မာ့ရေကဏ္ဍနှင့် မြေကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ချက်များ

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုနဲ့အတူ မိုးခေါင်မှုဖြစ်စဉ်ကြောင့် ကမ္ဘာ့နိုင်ငံအချို့မှာ ရေချို ရှားပါးမှုတွေ ကြုံတွေ့လာရပြီး ကမ္ဘာပေါ်မှာ လူသန်းပေါင်း ၇၀၀ မှ ၁၀၀၀ ကျော်အထိ ရေချိုရှားပါးမှုကို ခံစားနေကြရကြောင်း၊ ကမ္ဘာ့လူဦးရေရဲ့ လေးပုံတစ်ပုံဟာ အန္တရာယ်ကင်းတဲ့ သောက်သုံးရေ မရရှိကြသေးကြောင်း WHO ရဲ့ စစ်တမ်းတွေအရ သိရှိရပါတယ်။ မြန်မာနိုင်ငံမှာ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု စနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ပြီး မိုးခေါင်ရေရှားဒဏ်ခံနိုင်ကာ ရေရည်တည်တံ့တဲ့ ရေအရင်းအမြစ်တွေကို ထိထိရောက်ရောက်အကျိုးရှိရှိ အသုံးချနိုင်တဲ့ နိုင်ငံတစ်ခု ဖြစ်လာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အမျိုးသား အဆင့် ရေအရင်းအမြစ် ကော်မတီကို ၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့က ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ အဆိုပါ ကော်မတီကို နိုင်ငံတော်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ပြီး ရေနဲ့ဆက်နွယ်တဲ့ ပြည်ထောင်စု အဆင့်ဝန်ကြီးတွေ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်တွေ၊ မြို့တော်ဝန်တွေ အပါအဝင် စုစုပေါင်းအဖွဲ့ဝင် ၃၅ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။

မိုးခေါင်ရေရှားမှုဒဏ် ခံနိုင်ဖို့အတွက် မြန်မာနိုင်ငံအလယ်ပိုင်း ခြောက်သွေ့ဇုန်တွေမှာ နွေရာသီကာလအတွင်း စိုက်ပျိုးရေနဲ့ သောက်သုံးရေ ဖူလုံစွာရရှိဖို့အတွက် ဆိုလာစနစ်တွေနဲ့ တစ်ပိုင်တစ်နိုင် မြေအောက်ရေတွင်းတွေ တူးဖော်ပေးနေတာ၊ သဲချောင်းတွေမှာ တမံတွေ တည်ဆောက်ပေးနေတာတွေကို မျက်မြင်ဒိဋ္ဌ တွေ့ရှိနေကြရပြီ ဖြစ်ပါတယ်။ မြေကဏ္ဍနဲ့ ရေကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တာဟာ မိုးခေါင်ရေရှားဒဏ်ခံနိုင်ဖို့အပြင် အခြားကဏ္ဍတွေကိုလည်း ကျွဲကူးရေပါဆိုသလို တစ်ပြိုက်နက်တည်း တိုးတက်လာစေမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မြေနဲ့ပတ်သက်ပြီး အငြင်းပွားမှုတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့နဲ့ မြေသယံဇာတတွေကို စနစ်တကျစီမံခန့်ခွဲနိုင်ဖို့အတွက် ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလက အမျိုးသားမြေအသုံးချမှုမူဝါဒကို အတည်ပြုထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်၊ လမ်းညွှန်ချက်တွေနဲ့ အခြေခံမူတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသားမြေအသုံးချမှု ကောင်စီကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ နောက်ဆုံးအကြိမ် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ထားရှိပြီးဖြစ်ပါသည်။ အဆိုပါ ကော်မတီဟာ မြေအရင်းအမြစ်တွေ စီမံခန့်ခွဲရာမှာ စနစ်တကျ ဖြစ်စေဖို့နဲ့ မြန်မာ့မြေသယံဇာတ အရင်းအမြစ်တွေကို ရေရှည်တည်တံ့စေဖို့ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ လက်ရှိအချိန်မှာ သဲကန္တာရ ဖြစ်ထွန်းမှု မရှိသေးပေမယ့် ရာသီဥတုပြောင်းလဲလာမှုဖြစ်စဉ်တွေ၊ မိုးခေါင်ရေရှားမှုနဲ့ စံချိန်သစ်တင်တဲ့ အပူချိန်မြင့်မားမှုတွေ ဆက်တိုက်ကြုံတွေ့လာရပြီး မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွေမှာ သဲကန္တာရဆန်တဲ့ မြေဖွဲ့စည်းမှုတွေ တွေ့ရှိလာနေပါတယ်။ နောင်အနာဂတ်မှာ သဲကန္တာရ ဖြစ်ထွန်းမှုနဲ့ မိုးခေါင်ရေရှားမှုတွေ ဖြစ်ပွားမလာစေဖို့ နည်းမျိုးစုံနဲ့ ကြိုတင်စီမံဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဆောင်ရွက်ရမည့် လုပ်ငန်းများ

မြေယာပြန်လည်ပြုပြင် ထိန်းသိမ်းမှုတွေ ဆောင်ရွက်ကြတဲ့အခါ ပထမဦးစွာ မြေဆီလွှာ ပြန်လည်ကောင်းမွန် ကျန်းမာစေဖို့အတွက် သစ်တောပြန်လည်တည်ထောင် စိုက်ပျိုးခြင်းနဲ့ သဘာဝတောထိန်းသိမ်းခြင်း လုပ်ငန်းတွေကို အလေးထားဆောင်ရွက်ကြဖို့လိုပါတယ်။ သဘာဝမြေဆွေးနဲ့ သဘာဝမြေသြဇာကို ပိုမိုသုံးစွဲကြရမှာ ဖြစ်ပါတယ်။ ရေကိုချွေတာသုံးစွဲပြီး ရေကို အလေအလွင့် မဖြစ်ရလေအောင် ထိန်းသိမ်းကြဖို့ လည်း အရေးကြီးပါတယ်။ စက်ရုံ/လုပ်ငန်းတွေ လည်ပတ်ရာက ထွက်လာတဲ့ စွန့်ပစ်ရေဆိုးတွေကို ပြန်လည် သန့်စင်ပြီးမှသာ သတ်မှတ်လမ်းညွှန်ချက်တွေနဲ့အညီ စွန့်ပစ်ကြရမှာ ဖြစ်ပါတယ်။ မြေထုကို ညစ်ညမ်းစေတဲ့ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းတွေကိုလည်း စနစ်တကျ စီမံခန့်ခွဲကြရမှာဖြစ်ပါတယ်။ မြေသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာတွေကို တစ်ဦးကိုတစ်ဦး မျှဝေပေးရင်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဟန့်တားတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေမှာ ပြည်သူ့အများ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

တိုက်တွန်းနှိုးဆော်ချက်

ယနေ့အချိန်အခါမှာ သဲကန္တာရတိုက်ဖျက်ရေးနဲ့ မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေးအတွက် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးက အချိန်မီ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ကြဖို့ အရေးပေါ် လိုအပ်လာပြီဖြစ်ပါတယ်။ မြေယာပြန်လည်ပြုပြင်ရေး (Land Restoration) လုပ်ငန်းတွေနဲ့ သဘာဝဂေဟစနစ်ပြန်လည်ထိန်းသိမ်းရေး(Ecosystem Restoration) ဟာ အပြန်အလှန် ဆက်နွယ်အကျိုးပြုနေပါတယ်။ ဒါကြောင့် ယခု ၂၀၂၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာ ကျရောက်တဲ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အတွက် သတ်မှတ်ထားတဲ့ **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"** ဆိုတဲ့ဆောင်ပုဒ်ခဲနဲ့အညီ ကမ္ဘာပေါ်ရှိ နိုင်ငံသားတိုင်းက ရာသီဥတုပြောင်းလဲမှု ဒဏ်ကို အနဲတိုနိုင်ဖို့နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ မြေရဲ့ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော် တင်ပြအပ်ပါတယ်။ ။

နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၄-၆-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ	အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	ချောက်	၄၀.၉	၁၀၅.၆
၂။	ညောင်ဦး	၃၉.၂	၁၀၂.၆
၃။	မြင်းမူ	၃၉.၀	၁၀၂.၂
၄။	ပခုက္ကူ	၃၉.၀	၁၀၂.၂
၅။	မကွေး	၃၈.၄	၁၀၁.၁
၆။	ဆင်ဖြူကျွန်း	၃၈.၂	၁၀၀.၈
၇။	အောင်လံ	၃၈.၀	၁၀၀.၄
၈။	မိုးမိတ်	၃၇.၉	၁၀၀.၂
၉။	မြင်းခြံ	၃၇.၂	၉၉.၀
၁၀။	မင်းဘူး	၃၇.၂	၉၉.၀

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင် တွေ့ဆုံဆွေးနွေး

ဖနောင်ပင် ဇွန် ၄

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်သည် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့် ဇွန် ၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။



အော်စတင်သည် စင်ကာပူနိုင်ငံ၌ကျင်းပသော ရှန်ဂရီလာ လုံခြုံရေးဆွေးနွေးပွဲ တက်ရောက်ပြီး နောက် ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်ခဲ့ခြင်း ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘောဒီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လိုကြောင်း၊ အထူးသဖြင့် ကာကွယ်ရေးကဏ္ဍတွင် တိုးမြှင့်လိုကြောင်း အော်စတင်က ပြောကြားခဲ့သည်ဟု ဟွန်မာနက်က ပြောသည်။

ထို့အတူ ဟွန်မာနက်ကလည်း အော်စတင်အား ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် အရာရှိလောင်းများ ဖလှယ်ရေးများအပါအဝင် စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စတင်ရန် တိုက်တွန်းပြောကြားခဲ့သည်။ အော်စတင်နှင့် ဟွန်မာနက်တို့သည် ဝက်စ်ပွိုင့် အမေရိကန်စစ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ အော်စတင်သည် သက်တမ်းအကြာဆုံး ဝန်ကြီးချုပ်ဖြစ်ခဲ့ဖူးသည့် ကမ္ဘောဒီးယား အထက်လွှတ်တော်ဥက္ကဋ္ဌ ဟွန်ဆန်နှင့်လည်း တွေ့ဆုံခဲ့သည်။

အမေရိကန်သည် ကမ္ဘောဒီးယားနှင့် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရန် ဆောင်ရွက်လျက်ရှိသည်ဟု အော်စတင်က ပြောကြားခဲ့ကြောင်း ဟွန်ဆန်က ပြောသည်။

အင်နန်အိတ်ချ်ကေ

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ရေဘေးသင့်သူ ခြောက်သိန်းကျော်နှင့် သေဆုံးသူ ၁၈ ဦး ရှိလာ

နယူးဒေလီ ဇွန် ၄

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ရေကြီးရေလျှံမှု ဆက်လက်ဖြစ်ပေါ်နေသည့် အတွက် လူပေါင်း ၆၀၀၀၀ ကျော် ရေဘေးသင့်မှုဖြစ်ပွားလျက်ရှိကြောင်းနှင့် ၁၈ ဦး သေဆုံးခဲ့ကြောင်း အင်္ဂါနေ့တွင် တာဝန်ရှိသူများက ပြောသည်။

ရေကြီးရေလျှံမှုဒဏ်ကို ခရိုင် ၁၀ ခု ခံစားခဲ့ရပြီး အခြေအနေမှာ ဆိုးရွားလျက်ရှိကြောင်း သိရသည်။ ခရိုင် ၁၀ ခုရှိ လူပေါင်း ၆၂၃၃၈ ဦးမှာ ရေလွှမ်းမိုးမှုနှင့် ကြုံတွေ့နေရကြောင်း၊ လွန်ခဲ့သော ၂၄ နာရီအတွင်း လေးဦး အသက်ဆုံးရှုံးမှု ဖြစ်ပွားခဲ့သည့် အတွက် သေဆုံးသူ အရေအတွက်မှာ ၁၈ ဦးအထိ တိုးလာကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် ကချာခရိုင်၌ လူလေးဦး ပျောက်ဆုံးနေကြောင်း၊ လတ်တလောတွင် ကျေးရွာပေါင်း ၅၇၇ ရွာ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားပြီး ဘေးဒဏ်သင့် ခရိုင်များတွင် ကောက်ပဲသီးနှံ ၈၈ ၆၀၂ ၈၈ ခန့် ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဒေသန္တရအစိုးရအနေဖြင့် ဘေးဒဏ်သင့်ဒေသများတွင် ကယ်ဆယ်ရေးစခန်း ၁၉၁ ခုနှင့် ထောက်ပံ့ပေးရေး စင်တာ ၁၀၈ ခု ဖွင့်လှစ်ထားကြောင်း အာသံပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ကပြောသည်။

ထို့ပြင် အာဏာပိုင်များသည် ဘေးဒဏ်သင့်ဒေသများတွင်ရထားလမ်းများ ထိခိုက်ပျက်စီးမှုဖြစ်ပွားသည့်အတွက် ရထားခရီးစဉ်အချို့ကိုလည်း ဖျက်သိမ်းထားသည်။ အမျိုးသားဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးတပ်ဖွဲ့ (အင်နီဒီအာရ်အက်ဖ်) နှင့် ပြည်နယ်ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးတပ်ဖွဲ့ (အက်စ်ဒီအာရ်အက်ဖ်) တို့မှ ဝန်ထမ်းများကို ရေကြီးရေလျှံမှု ဖြစ်ပွားသော ဒေသများတွင် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဖြန့်ကြက်ထားကြောင်း သိရသည်။

ဆင်ဟွာ

အီမီယိုးပီးယားနိုင်ငံသည် ၁၀ လအတွင်း ကော်ဖီတင်ပို့မှုမှ ကန်ဒေါ်လာ ၁ ဘီလီယံရရှိ

အဒစ္စအဘာဘာ ဇွန် ၄

လွန်ခဲ့သည့် ၁၀ လအတွင်း ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံရရှိကြောင်း အီသီယိုးပီးယားအစိုးရက တနလာနေ့တွင် ထုတ်ဖော်ပြောသည်။

ကော်ဖီတန်ချိန် ၂၁၀၀၀ တင်ပို့

အီသီယိုးပီးယားနိုင်ငံသည် ဇူလိုင် ၈ ရက်တွင် စတင်ခဲ့သော လက်ရှိ အီသီယိုးပီးယား ၂၀၂၃/၂၀၂၄ ဘဏ္ဍာနှစ် ပထမ ၁၀ လအတွင်း နိုင်ငံတကာစျေးကွက်သို့ ကော်ဖီတန်ချိန် ၂၁၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း အီသီယိုးပီးယားကော်ဖီနှင့် လက်ဖက်ထုတ်လုပ်သူများအဖွဲ့က တနလာနေ့တွင် ပြောသည်။

ကော်ဖီတင်ပို့မှုအများဆုံး

အဆိုပါ ကာလအတွင်း အမေရိကန်၊ ဆော်ဒီအာရေဗျ၊ ဂျာမနီ၊ ဂျပန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သည် ကော်ဖီတင်ပို့မှု အများဆုံးနိုင်ငံများ ဖြစ်ကြောင်းနှင့် အီသီယိုးပီးယားနိုင်ငံသည် ၂၀၂၂/၂၀၂၃ ဘဏ္ဍာနှစ် အတွင်း ကော်ဖီတန်ချိန် ၂၄၀၀၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ပါလက်စတိုင်း သေဆုံးသူဦးရေ ၃၆၅၅၀ အထိရောက်ရှိ

ဂါဇာ ဇွန် ၄

အစ္စရေးက ဂါဇာကမ်းမြောင်ဒေသကို ဆက်လက်တိုက်ခိုက်လျက်ရှိသောကြောင့် ပါလက်စတိုင်းသေဆုံးသူဦးရေသည် ၃၆၅၅၀ အထိ တိုးလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇွန် ၄ ရက် သတင်းထုတ်ပြန်ချက်တွင် ပြောကြားလိုက်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း အစ္စရေးစစ်တပ်သည် ပါလက်စတိုင်း ၇၁ ဦးကို သတ်ဖြတ်ခဲ့ပြီး ၁၈၂ ဦးကို ဒဏ်ရာရစေခဲ့ခြင်းအပါအဝင် စုစုပေါင်း ဒဏ်ရာရရှိသူ ၈၂၉၇ ဦးရှိလာခဲ့သည်။

အစ္စရေးတပ်ဖွဲ့များ ဂါဇာတောင်ပိုင်းမြို့ တယ်လ်အယ်လ်ဟာဝါမှ ဆုတ်ခွာပြီးနောက် အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့များသည် ပါလက်စတိုင်းသေဆုံးသူ ၁၄ ဦးကို တူးဖော်တွေ့ရှိခဲ့ကြောင်း ပါလက်စတိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။

တောင်ဘက်အစွန်ဆုံး ရာဖာမြို့၌ အစ္စရေးတပ်ဖွဲ့များက လေကြောင်းတိုက်ခိုက်မှုများကိုအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်ပိုင်းများတွင် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။ ဂါဇာကမ်းမြောင်ရှိ ရေချိုစက်ရုံ၌လည်း စက်သုံးဆီပြတ်တောက်မှုကြောင့် လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းခဲ့သည်။

ထို့ကြောင့် ပါလက်စတိုင်းမိသားစုများနှင့် ကလေးငယ်များသည် သောက်သုံးရေရရှိရန် ပူပြင်းသောအပူချိန်အောက်တွင် ခရီးအကွာအဝေး အတော်များများ လမ်းလျှောက်ခဲ့ရကြောင်း ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းများဆောင်ရွက်ရေးအဖွဲ့က လူမှုမီဒီယာပလက်ဖောင်းတစ်ခုဖြစ်သော X ပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် သုံးလအတွင်း အပူလျှပ်မှုကြောင့် ၅၆ ဦးထက်မနည်း သေဆုံး

နယူးဒေလီ ဇွန် ၄

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် သုံးလအတွင်း အပူလျှပ်မှုကြောင့် ၅၆ ဦးထက်မနည်း သေဆုံးပြီး သံသယဖြစ်ဖွယ် အပူလျှပ်ရောဂါ ဖြစ်ပွားသူ ၂၅၀၀၀ နီးပါးရှိကြောင်း တနလာနေ့တွင် ကျန်းမာရေးနဲ့ကြီးဌာန၏ ပြောကြားချက်ကို ပြည်တွင်းမီဒီယာတစ်ခုက ကိုးကားဖော်ပြထားသည်။

မတ်လမှ မေလအထိ အိန္ဒိယနိုင်ငံတစ်စိုက်ပျိုးရေးနယ်ပယ်ရှိ ပြည်နယ်ပေါင်း ၁၂ ခုခန့်ရှိ ကျေးရွာ ၅၀ ကျော်ရှိ ကျေးလက်ဒေသများ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိန်းဂဏန်းများ ပြသထားကြောင်း ဒေါက်တာ ဗီကာ ရာဇီ ရန်ဂျီ ရေးသားခဲ့သော ဆောင်းပါးတစ်ခုတွင် ဖော်ပြထားသည်။

ဒေသတွင်းရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့ကမ္ဘာမြေပေါ်ရှိ ရာသီဥတုပြောင်းလဲမှုကြောင့် ရောဂါဘေးဒဏ်ခံရနိုင်ခြေ အများဆုံးနေရာ ဒေသများ ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက ကြိုတင်ခန့်မှန်းထားသည်။ ဒီဇင်ဘာလ ၂၀ ရက်နေ့ကစ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းပြုစုထားသော ကိန်းဂဏန်းများ ပြသထားကြောင်း ဒေါက်တာ ဗီကာ ရာဇီ ရန်ဂျီ ရေးသားခဲ့သော ဆောင်းပါးတစ်ခုတွင် ဖော်ပြထားသည်။

ယခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းပြုစုထားသော ကိန်းဂဏန်းများ ပြသထားကြောင်း ဒေါက်တာ ဗီကာ ရာဇီ ရန်ဂျီ ရေးသားခဲ့သော ဆောင်းပါးတစ်ခုတွင် ဖော်ပြထားသည်။

အချက်အလက်များ အရ မက်ဒရာပရာဒက်ရှ် ပြည်နယ်သည် ၁၄ ဦးဖြင့် သေဆုံးသူအများဆုံးဖြစ်ကြောင်း၊ ယင်းနောက်တွင် မဟာရတ်ရှ်ထရာ ပြည်နယ်က ၁၁ ဦးဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။

ထို့ပြင် မတ် ၁ ရက် နောက်ပိုင်း အပူလျှပ်ဖြစ်ပွားသူ အရေအတွက်မှာ ၂၄၈၄၉ ဦး ရှိကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။

ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ အပူချိန် စံချိန်တင်ဖြစ်ပွားခဲ့သည်။ အိန္ဒိယနိုင်ငံ ဒေသအများအပြားတွင် လွန်ခဲ့သည့် ရက်သတ္တာနှစ်ပတ်အတွင်း အလွန်ပူပြင်းသည့် အပူလှိုင်းဖြတ်မှုနှင့် ကြုံတွေ့ခဲ့ရပြီး အမြင့်ဆုံးအပူချိန်မှာ ၄၅ ဒီဂရီ ဆဲလ်စီးယပ်ရှိကြောင်း သိရသည်။ ထို့ပြင် အချို့ဒေသများတွင် အပူချိန် ၅၀ ဒီဂရီဆဲလ်စီးယပ် ကျော်ရှိကြောင်း သိရသည်။

ဆင်ဟွာ

သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် တရားမဝင် ဒစ်ဂျစ်တယ်ငွေကြေးများ ရောင်းဝယ်လဲလှယ်ခြင်းနှင့် နိုင်ငံခြားငွေကြေးကစားနေသူများနှင့် ဟွန်ဒီလုပ်ငန်းဆောင်ရွက်နေသူများကို တရားဝင် လိုင်စင်မရှိဘဲ ဆောင်ရွက်နေသည့်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၄-၅-၂၀၂၄ ရက်နေ့က အသိပေးကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီးနောက်တွင် အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိသူများကို ငွေစာရင်းများပိတ်သိမ်းခြင်း၊ တရားစွဲဆိုအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါအသိပေးကြေညာချက်ထုတ်ပြန်ခဲ့သည့် ၂၄-၅-၂၀၂၄ ရက်နေ့မှ ယနေ့အထိ နိုင်ငံခြားငွေကြေးကစားနေသူများနှင့် ဟွန်ဒီလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ လူပုဂ္ဂိုလ်(၃၉)ဦးတို့အား စိစစ်ဖော်ထုတ်ပြီး ဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများတွင် ဖွင့်လှစ်ထားရှိသည့် ၎င်းတို့၏ဘဏ်ငွေစာရင်းများနှင့် Pay Account များအား ယာယီဆိုင်းငံ့ခြင်းများ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း ၎င်းတို့အား တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိပါသည်-

စဉ်	အမည်	နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(၁)	Ohn Nyunt Sein	8/PaKhaKa (N) 331535
(၂)	Aung Ko Win	5/KaLaNa (N) 034953
(၃)	Phyo Min Aung	8/TaTaKa (N) 183930
(၄)	Kyaw Thiha Htwe	9/PaAuLa (N) 014611
(၅)	May Zin Htet	12/YaPaTha (N)081308
(၆)	Zun Lin Htet Naing	9/AhMaZa (N) 055282
(၇)	Wai Tha Zin Oo	7/YaTaYa (N) 228966
(၈)	Aye Thet Mar	7/AhPhaNa (N)125615
(၉)	Wai Phyo Kyaw	8/AhLaNa (N) 224563
(၁၀)	Daw Su Po Po Aung	12/ThaKaTa (N) 215085
(၁၁)	Myo Min	7/NaTaLa (N) 151381
(၁၂)	Chan Nyein Aung	7/AhPaNa (N) 117100
(၁၃)	မရင်ရင်မျိုး	13/LAYANA(N) 191218
(၁၄)	ကောင်းမြတ်ကျော်	12/YAKANA(N) 089166
(၁၅)	လုံဖူး	13/HAPATA(N) 014208
(၁၆)	ဒေါ်နှင်းခရေ	8/YASAKA(N) 257004
(၁၇)	ကျော်ကျော်ဦး	၁၃/လရန (နိုင်) ၁၈၈၈၅၈
(၁၈)	ကျော်ထွန်းလင်း	၉/ပမန (နိုင်) ၁၉၁၇၅၀
(၁၉)	သိန်းတိုးအောင်	၁၃/ကလန (ဧည့်) ၀၀၀၆၂၅
(၂၀)	U KAUNG HTET SAN	13/TAKANA(N)272872
(၂၁)	Han Min Aung	၁၀/မဒန(နိုင်)၀၉၈၄၂၁
(၂၂)	MIN KHANT NYI	12/PAZATA(N)038144
(၂၃)	Thein Zaw Oo	12/KAMATA(N)047930
(၂၄)	Soe Sandar Win	5/PALANA(N)081728
(၂၅)	Zin Ko Latt	၁၄/ဝခမ(နိုင်)၃၄၂၃၃ဖ
(၂၆)	Shoon Lae Nadi Zaw	၇/ရတရ(နိုင်)၂၇၀၀၆၉
(၂၇)	Ma Hla Hla	13/LALANA(N)005245
(၂၈)	Yi Yi Cho	7/THAWATA(N)181720
(၂၉)	U Wai Lin Aung	9/MANAMA(N)118774
(၃၀)	Daw San Win	8/PAKHAKA(N)076098
(၃၁)	Mg Chit Ko	12/LAMANA(N)054438
(၃၂)	Nawe Nawe Soe	14/MAMAKA(N)315603
(၃၃)	Min Ko Ko	5/KHAOUNA (N) 103987
(၃၄)	Daw Tin Zar Myint	12/YAPATHA(N) 040104
(၃၅)	Nang Yadanar	9/KHAMASA (N) 057131
(၃၆)	Daw Shauk Chi	13/TAKANA (N) 123191
(၃၇)	Khin Lwin Lwin Theint	7/PAKHANA (N) 181332
(၃၈)	Kyaw Ko Ko Khaing	7/KAWANA (N) 107041
(၃၉)	Thar Htet Zan	12/YAPATHA (N) 102551

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် တရားမဝင် ဒစ်ဂျစ်တယ်ငွေကြေးများ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ဟွန်ဒီဖြင့် တရားမဝင်ငွေလွှဲလုပ်ငန်းဆောင်ရွက်ခြင်းများမပြုလုပ်ကြပါရန် ထပ်မံအသိပေးအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၄-၆-၂၀၂၄)

ဝေါမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (၃၉) ကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာ စာမေးပွဲ(မြို့နယ်အဆင့်)ဘာသာရပ်အလိုက်စာမေးပွဲဖြေဆို

ဝေါ ဇွန် ၄

ပဲခူးတိုင်းဒေသကြီး ဝေါမြို့ အခြေခံပညာ အထက်တန်းကျောင်းခိုင်သဇင်ဆောင်၌ ဇွန် ၁ ရက်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (၃၉)ကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာ စာမေးပွဲ(မြို့နယ်အဆင့်) ဘာသာရပ်အလိုက် စာမေးပွဲကို မြို့နယ်အတွင်းရှိ ထက်၊ လယ်၊ မူ ကျောင်းသားကျောင်းသူများ ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

စာမေးပွဲတွင် ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ ၆၆ ဦးတွင် ဖြေဆိုသူ ၆၆ ဦး၊ ဗုဒ္ဓဘာသာမြန်မာစာဘာသာ ၃၇ဦး တွင် ဖြေဆိုသူ ၃၇ ဦး၊ အခြေခံ အာဘိဓမ္မာဘာသာ ၁၂ ဦးတွင် ဖြေဆိုသူ ၁၂ဦး ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ စာမေးပွဲကို ဇွန် ၁ ရက် နံနက်ပိုင်းက ပြုလုပ်ရာ ကျောင်းသား ကျောင်းသူများအား မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် မြို့နယ်ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကြီးကြပ်မှုကော်မတီဝင်ဆရာတော်များ၊ မြို့နယ်သာသနာ့နေ့ဂုဏ်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

နေပြည်တော် ဇွန် ၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် မေယဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်မှူးချုပ် ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒ *ကျောဖုံးမှ*

Yan Paing Soe ၊ Dean Kyne အပါအဝင် လူမှုကွန်ရက်စာမျက်နှာများတွင် မကြာခဏ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ပြီး နိုင်ငံ့စီးပွားရေးနှင့် ငွေကြေးတည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။ ထိုသို့ အဖျက်သမားများက အစိုးရနှင့် အများပြည်သူအကျိုးစီးပွား ထိခိုက်စေရန်ရည်ရွယ်၍ မကြာခဏရေးသားဖြန့်ဝေနေသော လူမှုကွန်ရက်စာမျက်နှာများကို လက်ခံယုံကြည်ခြင်းမရှိရန်နှင့် စိုးရိမ်ပူပန်စရာမလိုကြောင်း၊ ပြည်သူများက ဝိုင်းဝန်းတိုက်ဖျက်ရန်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သို့ပါ၍ ပြည်သူများအနေဖြင့် အဖျက်သမားများ၏ လှုံ့ဆော်ရေးသားမှုများကို စိုးရိမ်စရာမလိုဘဲ ဘဏ်များအပေါ် ယုံကြည်စိတ်ချစွာဖြင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၄-၆-၂၀၂၄)

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့အချင်းချင်း ပစ်ခတ်မှုဖြစ်ပွား

နေပြည်တော် ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်း မေ ၂၈ ရက်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အချင်းချင်း အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်အဖွဲ့များနှင့် မိသားစုဝင်များ သေဆုံး/ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုခရိုင်အတွင်းရှိ PDF အမည်ခံအကြမ်းဖက်သမားနှစ်ဦးသည် မေ ၂၈ ရက် နံနက်ပိုင်းတွင် ဒီပဲယင်းမြို့နယ် တည်တောကျေးရွာရှိ ၎င်းတို့၏ မိဘများထံသို့ လာရောက်စဉ် ကျေးရွာအဝင်၌ ဒီပဲယင်းမြို့နယ်ရှိ ဒေသခံ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် စကားများရာမှ ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး ရွှေဘိုခရိုင်အတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သမား တစ်ဦးနှင့် မိသားစုဝင် လေးဦး စုစုပေါင်း ငါးဦးသေဆုံးကာ PDF အမည်ခံ အကြမ်းဖက်သမား တစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး ထွက်ပြေး လွတ်မြောက်သွားခဲ့ကြောင်း သိရှိရသည်။

စုံစမ်းစစ်ဆေး

ထိုသို့ ထွက်ပြေးလွတ်မြောက်သွားသူက ၎င်း၏ ခေါင်းဆောင်ဖြစ်သူအား သတင်းပို့တိုင်ကြားခဲ့ရာ ခေါင်းဆောင်ဖြစ်သူက တည်တောကျေးရွာသို့ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် လာရောက်ရာမှ ဒီပဲယင်းမြို့နယ်ရှိ ဒေသခံ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထပ်မံပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး PDF အမည်ခံ အကြမ်းဖက်သမား သုံးဦး သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

အလွဲသုံးစားပြုလုပ်

ထိုသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် လက်နက်အားကိုးဖြင့် ပြည်သူလူထုအပေါ် အနိုင်ကျင့် ဗိုလ်ကျခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ၎င်းတို့အပေါ် အားပေးထောက်ခံမှု မရှိသူများအား အကြောင်းအမျိုးမျိုးပြု၍ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။ ၎င်းအပြင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အချင်းချင်းသည်လည်း နယ်မြေလုခြင်း၊ အာဏာလုခြင်း၊ ဆက်ကြေးငွေများကို အလွဲသုံးစားပြုလုပ်ခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး အချင်းချင်း အနိုင်ကျင့် ဗိုလ်ကျ သတ်ဖြတ်မှုများလည်း လုပ်ဆောင်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒီပဲယင်းမြို့နယ် တည်တောကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အချင်းချင်း ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် နေရာပြပုံ

ကွမ်းခြံကုန်း၌ ရာသီဥတုအညွှန်းကိန်းအခြေပြုသီးနှံအာမခံဆောင်ရွက်နိုင်ရေး အသိပညာပေး

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာနှင့် မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများက ရာသီဥတုအညွှန်းကိန်းအခြေပြုသီးနှံအာမခံလုပ်ငန်းနှင့် ပတ်သက်၍ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် တောင်သူများသို့ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်က ကွမ်းခြံကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဒေါ်ဒေစီရွှေနှင့် မြန်မာ့အာမခံလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်မျိုးဆွေတို့က သီးနှံအာမခံလုပ်ငန်းများကိုကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ **မျိုးမင်းသူရ**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက်၌ ဇွန် ၄ ရက်တွင် မြို့နယ်လ/ထလဝကမှူး ဒေါ်ထက်ထက်ဝင်းဆွေနှင့်အဖွဲ့ ပန်းခင်းစီမံချက် အဆင့် - ၃ ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် ရောက်ရှိလာပြီး အဆိုပါမိုင်းအား ရှင်းလင်းခဲ့ရာ သိမ်ဆိပ် - ဒုံဝန်း လမ်းပိုင်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင် အဆိုပါလမ်းပိုင်းအား ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ရန်ကုန်- မော်လမြိုင် လမ်းပိုင်းရှိ အမှတ်(၈၁) အဆန်လူစီးအမြန်ရထားသည် နှင်းပုလဲဘူတာသို့ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ရောက်ရှိရုပ်တန့်ခဲ့ရပြီး ဝိုင်းရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်၍ ညနေ ၄ နာရီခွဲမှ ပြန်လည်ထွက်ခွာနိုင်ခဲ့သဖြင့် အဆိုပါရထားသည် ၃ နာရီ မိနစ် ၂၀ ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ရသည်။

ထို့အတူ အမှတ် (၆၈၅) ကျောက်ရထားသည် သိမ်ဆိပ်သို့ မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ အမှတ် (၆၈၇) ကျောက်ရထားသည် ဒုံဝန်းသို့ မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၂၇၁) ကုန်ရထားသည် ကျိုက်ထိုဘူတာသို့ ညနေ ၃ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ အသီးသီး ရပ်တန့်စောင့်ဆိုင်းခြင်းပြုလုပ်ခဲ့ကြရသည်။

အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက် တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း မိုင်းခွဲ/ ဗုံးထောင် ဖျက်ဆီးခြင်း (၂၀၆) ကြိမ်၊ ရထားတံတား/ သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း (၁၆၅) ကြိမ်၊ ဘူတာ အဆောက်အဦးနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၄၂)ကြိမ် ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေး စနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီး ဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွားပြည်သူများ အနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာ ဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးနှင့် ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း နှောင့်နှေးကြန့်ကြာစေရန်အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပတ်စက်စွာဖြင့် အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်း အပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ် ၂ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ် ၂ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလို ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၁ ရက် ညနေ ၅ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကွန်ပျူတာတက္ကသိုလ်ရှေ့ ကလေး-ကလေးဝသွားကားလမ်းတွင် ဝင်းအောင်ထွန်း မောင်းနှင်ပြီး တင်မောင်လှ လိုက်ပါလာသည့် MITSUBISHI FUSO ခြောက်ဘီး Container Box မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ပလတ်စတစ်ဆပ်ပြာခွက် ၅၅၀၀ ဖြင့်ထည့်လျက် ဒေသ ကာလတန်ဖိုး ငွေကျပ် ၂ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ သိမ်းဆည်းရမိဘိန်းဖြူများ တာဝန်ခံ သယ်ဆောင်သူများဖြစ်သည့် သော့နေလွယ်(၁) ပါးလွယ်နှင့် ဇနီးဖြစ်သူ မအေးအေးဖြင့်တို့ အပါအဝင် ဝင်းအောင်ထွန်းနှင့် တင်မောင်လှ တို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများ၏ ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဖြစ်စဉ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဒွါရာဝတီ ပေလီကမ်းခြေဒေသမှ MSME ငါးနီတူပြုတ်ခြောက်လုပ်ငန်းကို လေ့လာခြင်း

ကိုငါးကြီး(ငါးလုပ်ငန်းဦးစီးဌာန)

ရိုးရိုးငါးနီတူပြုတ်ခြောက်များနှင့် တန်ဖိုးမြင့် ငါးနီတူပြုတ်ခြောက်ထုတ်ကုန်များ။

(ဇွန် ၃ ရက်မှအဆက်)

ပေလီကမ်းခြေဒေသမှ

ရေထွက်ပစ္စည်းအခြေပြု MSME လုပ်ငန်းများ

ဒေသတွင်း၌ ရေထွက်ပစ္စည်းအခြေပြု (MSME) အသေးစား၊ အလယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအဖြစ် ပုစွန်အချိုခြောက်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ငါးနီတူပြုတ်ခြောက်လုပ်ငန်း၊ ငါးမုန့် (ခေါ်) ပါပရာလုပ်ငန်း၊ ငါးခြောက်လုပ်ငန်း၊ ငါးဆားနယ်လုပ်ငန်း၊ ငါးကျပ်တိုက်လုပ်ငန်း၊ ကင်းမွန်ခြောက်လုပ်ငန်း၊ ကြက်စာလုပ်ငန်းနှင့် မျှင်ငါးပိလုပ်ငန်းတို့ ရှိကြပါသည်။ ဤလုပ်ငန်းများ အားလုံးသည် ငါး၊ ပုစွန်များကို ဈေးကွက်ရှိရာသို့ ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချခြင်းမဟုတ်ဘဲ ငါး၊ ပုစွန် ကုန်ကြမ်းများကို တစ်နည်းမဟုတ် တစ်နည်း ပြုပြင်ထုတ်လုပ်၊ ထုပ်ပိုးပြုပြင်ကာ ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြင့် တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ဝင်ငွေပိုမိုရရှိစေနိုင်သော လုပ်ငန်းရပ်များ ဖြစ်ပါသည်။ ထို့အပြင် ၎င်းလုပ်ငန်းများသည်လည်း MSME လုပ်ငန်းများပင် ဖြစ်ပါသည်။ ၎င်းလုပ်ငန်းစုများသည် ရေထွက်ပစ္စည်းမျိုးစုံ ပေါင်းစုနေသည့် ပေလီမြို့ ကျိတ္တောရပ်ကွက်တွင် အခြေတည်လျက်ရှိနေကြပါသည်။

ပေလီကမ်းခြေဒေသမှ

MSME ငါးနီတူပြုတ်ခြောက်လုပ်ငန်း

ပေလီကမ်းခြေ ကျိတ္တောဒေသတွင် ၁၉၇၈ ခုနှစ်ခန့်တွင် ကျောဂပိုက်(ဝိုင်းချုပ်) ငါးဖမ်းနည်းကို အသုံးပြုပြီး ငါးနီတူငါးကို စတင်ဖမ်းဆီးခဲ့ကြပြီး ရရှိငါးနီတူများကို သမားရိုးကျနည်းလမ်းများဖြင့် သာ အခြောက်လှန်းပြီး ခေါင်းပါကုန်ကြမ်းများအဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းနှင့် နောက်ပိုင်းကာလများတွင် မောင်တောနယ်စပ်မှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းများ ရှိခဲ့ပြီး ခေါင်းမဲ့ငါးနီတူသန့်များကိုမူကား ဇယ့်သည်များအတွက် ၅၀ ကျပ်သားခန့် အထုပ်ကလေးများ ဖြင့် ပလတ်စတစ်ပါကင်ထုပ်ပိုးပြီး ဆိုင်တင်ရောင်းချခြင်းများ ရှိခဲ့ကြပါသည်။ သို့ရာတွင် ၂၀၁၆ ခုနှစ်တွင် သမားရိုးကျငါးနီတူအား တန်ဖိုးမြှင့်ထုတ်ကုန် (Value Added)အဖြစ် နည်းပညာတစ်ဆင့်တိုးကာ ငါးနီတူပြုတ်ခြောက်လုပ်ငန်းအဖြစ် စတင်လုပ်ကိုင်လာကြပါသည်။

ပေလီကမ်းခြေ ကျိတ္တောဒေသအခြေပြု ငါးနီတူပြုတ်ခြောက်လုပ်ငန်းတွင် အဓိကမရှိမဖြစ် လိုအပ်သော ပစ္စည်းကိရိယာများအဖြစ် အိုးတစ်လုံးကို ကျပ်သိန်း ၅၀ ခန့်တန်ဖိုးရှိပြီး စတီးဖြင့်ပြုလုပ်ထားသည့် ငါးနီတူပြုတ်အိုး၊ ပြုတ်ပြီးငါးနီတူများအား နေခြောက်လှန်းရန်အတွက် သုံးပေပတ်လည်ရှိပြီး သစ်သားအနားကွပ်ထားကာ အလယ်တွင် ကွင်းကျဉ်းကော်ပိုက်ဖြင့် ပြုလုပ်ထားသည့်တစ်ခုကို ကျပ် ၃၀၀၀ ခန့်တန်ဖိုးရှိသည့် ငါးလှန်းဗန်းများ၊ အခြောက်ခံနေလှန်းပြီး ငါးနီတူပြုတ်ခြောက်များအား ခေတ္တသိမ်းဆည်းထားမည့် သိန်း ၁၀၀ ခန့် တန်ဖိုးရှိသော အအေးခန်း Box နှင့် ပြုတ်ပြီးငါးနီတူများအား အခြောက်ခံနေလှန်းမည့် သင့်တင့်သော အကျယ် အဝန်းရှိသည့် မြေနေရာ ကိုယ်ပိုင် (သို့) ငှားရမ်း၍ လုပ်ကိုင်ကြရပါမည်။

ငါးနီတူပြုတ်ခြောက် ပြုလုပ်ရန်အတွက် လုပ်ငန်းပိုင်ရှင်များသည် ပထမဆုံး ငါးနီတူကုန်ကြမ်း ရရှိနိုင်ရန်အတွက် အဝယ်တော်ဝန်ထမ်းများကို ခန့်ထားကြရပြီး လုပ်ငန်းအကြီးအသေးပေါ်မူတည်၍ တစ်ဦး သို့မဟုတ် နှစ်ဦးခန့် ထားလေ့ရှိကြပါသည်။ အမျိုးသမီးလည်းရှိသလို အမျိုးသား အဝယ်တော်များလည်း ရှိကြပါသည်။ အဝယ်တော်များသည် ရှုပ်ဖြောင့်ရန်မလိုဘဲ ငါး၏လတ်ဆတ်မှုနှင့် အရှိန်၊ အသားပါဝင်မှု ခွဲခြားတတ်ရန် လိုအပ်ပြီး ငါးဖမ်းလေ့များနှင့် သင့်တင့်သော ဆက်ဆံရေး ပြေပြစ်ရန်၊ ဝယ်ယူမည့် ငါးကုန်ကြမ်းအပေါ် ဈေးနှုန်းဆုံးဖြတ်ချက်မှန်ကန်ရန် လိုအပ်ပါသည်။ ငါးအဝယ်တော်များ၏ လစာသည် ကျပ် သုံးသိန်းနှင့် ထမင်းဖိုး ကျပ် ၆၀၀၀ လည်း ရရှိကြပါသည်။

ပေလီ ကျိတ္တောကမ်းခြေရှိ နံနက်မိုးလင်းရောင်နီနှင့်အတူ ဝင်ရောက်လာသော ငါးနီတူ- ကျောဂပိုက်များရှိ ဖမ်းမိငါးနီတူများကို ကမ်းခြေသဲသောင်ပြင်၌ ငါးဈေးပွဲတော်ကျင်းပသည့်အလား ပေလီ ကျိတ္တော ကမ်းခြေရှိ နံနက်မိုးလင်းရောင်နီနှင့်အတူ ဝင်ရောက်လာသော ငါးနီတူ- ကျောဂပိုက်များရှိ ဖမ်းမိငါးနီတူများကို ကမ်းခြေသဲသောင်ပြင်၌ ငါးဈေးပွဲတော် ကျင်းပသည့်အလား ဈေးငါး ရောင်းရန်၊ ပြုပြင်မွမ်းမံစက်ရုံတွင် အေးခဲပြုပြင်ရန်၊ ဟိုတယ်စားသောက်ဆိုင်များတွင် အသုံးပြုရန်၊ အခြောက်လှန်းရန်နှင့် ငါးနီတူပြုတ်ခြောက်လုပ်ပြီး ရန်ကုန်မှတစ်ဆင့် ပြည်ပတင်ပို့ရန် အစရှိသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် ဝယ်ယူကြသည်များအနက် ငါးနီတူပြုတ်ခြောက်လုပ်ရန်အတွက် ဝယ်ယူမည့် အဝယ်တော်များသည် လတ်ဆတ်မှုနှင့် အရိုးအသား ပါဝင်မှုအပေါ်မူတည်ပြီး လုပ်ငန်းရှင်ကိုယ်စား ကိုယ်တိုင်ဆုံးဖြတ်ဝယ်ယူခွင့်ရှိကြပါသည်။ အဝယ်တော်မှ ချိတုံချတုံတွေဝေနေ၍ အချိန်ကြာမြင့် နေပါက ငါးနီတူငါး၏ အရည်အသွေးကျဆင်းသွားနိုင်သောကြောင့် အဝယ်တော်မှ မြန်မြန်ဆုံးဖြတ်၊ မြန်မြန်ဝယ်ယူပြီး ငါးနီတူပြုတ်ခြောက်လုပ်ငန်းခွင်သို့ သယ်ယူပို့ဆောင်ကြပါသည်။

ကမ်းခြေ၌ ငါးနီတူကုန်ကြမ်းများဝယ်ယူရာတွင် ပလတ်စတစ်ခြင်းတစ်ခြင်းလျှင် ပိသာ ၃၀ ဆံ့သော ခြင်းများဖြင့် ဝယ်ယူပြီး ပြုတ်ခြောက်လုပ်ငန်းခွင်သို့ သင့်ရာနည်းဖြင့် ချက်ချင်းသယ်ယူပို့ဆောင်ကာ လုပ်ငန်းခွင်မှ အမျိုးသမီးဝန်ထမ်းများက ဆေးကြော အုတ်ကန်ငယ်၌ ဆေးကြောသန့်စင်ကြခြင်းဖြင့် ငါးတွင်ပါသော အကြေးခွံနှင့်အဆီများကို ဖယ်ရှား ရှင်းလင်းကြပါသည်။ ပိသာ ၃၀ ပါ ငါးနီတူတစ်ခြင်း၏ လက်ရှိကမ်းခြေပေါက်ဈေးမှာ ကျပ် (၃၅၀၀၀–၄၀၀၀၀)ခန့် ဖြစ်ပါသည်။ ငါးဖမ်းစက်လေ့ပိုင်ရှင်များမှ အခြောက်လှန်းကာ ဈေးကွက်ရှိရာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြသည်များ ရှိသလို ရရှိကုန်ကြမ်း၏ တစ်ဝက်ခန့်ကို ဝယ်/ရောင်းလုပ်ငန်းများသို့ ရောင်းချကြပါသည်။

ကမ်းခြေမှ ရောက်လာသော ကုန်ကြမ်းငါးကို ရေချိုဖြင့် ဆေးကြောသန့်စင်ပြီး (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ)လများတွင် ငါးတွင် အဆီနှင့် ဥမပါသေးသဖြင့် အခြောက်လှန်းရာတွင် အဖြူရောင်သန်းပြီး အရောင်လှပါသည်။ (ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေ)လများတွင် အဆီနှင့် ဥ ပါဝင်မှုရှိသောကြောင့် အဝါရောင်သန်းသည့် အတွက် ရောင်းပန်းမလှ ဖြစ်တတ်ပါသည်။ ဆေးကြောသန့်စင်ပြီး အကြေးခွံမပါသောငါးများကို သုံးပေပတ်လည်ရှိ ငါးလှန်းဗန်းတွင် စီထည့်ကာ ပြုတ်အိုးတွင်ထည့်၍ ပြုတ်ရန်အတွက် တစ်ခါပြုတ်လျှင် ၁၈ ဗန်းစီ ထပ်ဆင့်ပြီး ထည့်ပြုတ်ရပါသည်။ ငါးပြုတ်ရန်အတွက် ပြုတ်အိုးတွင် ရေကိုထည့်ကာ ဆူပွက်နေစေရပါမည်။ ထင်းနှင့် မီးသွေးကို ယခင်က အသုံးပြုခဲ့ကြသော်လည်း ယခုအချိန်တွင် သစ်တော ပြန်ဝီးမှုကို ကာကွယ်ရန်အတွက်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးအတွက် လည်းကောင်း လျှပ်စစ်မီးအချိန်ပြည့်နီးပါး ရရှိနေသော ပေလီကမ်းခြေဒေသတွင် လျှပ်စစ်ဓာတ်အား ဖြင့်သာ ငါးနီတူပြုတ်ခြင်း ဆောင်ရွက်ကြပါသည်။ ငါးနီတူကိုပြုတ်သည်ဟု ဆိုရာတွင်လည်း အမှန်တကယ်တွင် ပြုတ်အိုး၌ အချိန်အကြာကြီး ထည့်ပြုတ်ခြင်းကား မဟုတ်မူဘဲ ရေဆူမှတ် ထိရောက်နေသောအိုးထဲ၌ အရွယ်ကြီးငါးနီတူ ဆိုပါက လေးမိနစ်ခန့်နှင့် အရွယ်လတ်နှင့် အရွယ်ငယ် ဆိုပါက (၂ – ၃)မိနစ်ခန့်သာ ထည့်ပြုတ်ရခြင်း ဖြစ်ပါသည်။ ၁၈ ဗန်းတစ်ခေါက် ထည့်ပြုတ်လျှင် အိမ်သုံးဆား ငါးပိသာခန့် ထည့်ပေးရပါသည်။

ငါးနီတူပြုတ်ခြောက်လှန်းသည့် သုံးပေပတ်လည် သစ်သားနှင့်ကွပ်ထားပြီး အလယ်မှာ ပိုက်ချည် သားဖြင့်ပြုလုပ်ထားသည့် ငါးနီတူပြုတ်ခြောက်လှန်း သည့် ဗန်းသည် လတစ်လ၏ ငါးဖမ်းရက် (ဒေသ အခေါ်–တစ်မှောင်)တွင် ရာသီဥတုကောင်း၍ ၂၅ ရက်ခန့် ငါးလှန်းရပါက ငါးလှန်းဗန်းသည် မပျက်မစီးဘဲ တစ်လခန့်အသုံးပြုနိုင်ပြီး တစ်လတွင် (၁၅–၂၀)ခန့်သာ ငါးလှန်းရပါက နှစ်လခန့် အသုံးပြု နိုင်ပါသည်။ ငါးနီတူပြုတ်ခြောက်လုပ်ငန်းသည် ရက်တစ်ရက်တွင် နံနက်ပိုင်းမှသည် ညနေပိုင်းအထိ တစ်နေ့တည်းနှင့် အပြီးလုပ်ရသော လုပ်ငန်းဖြစ်ပါ သည်။ နံနက် ၇ နာရီခန့်တွင် ငါးဖမ်းစက်လေ့ ဝင်ရောက်ပြီး ကမ်းခြေ၌ ကုန်ကြမ်းဝယ်ယူပြီးပါက လုပ်ငန်းခွင်၌ ဆေးကြောခြင်းပြုလုပ်ရာတွင် အကြေးခွံများပါ တစ်ပါတည်း ချွတ်ပြီးသား ဖြစ်သွားပါသည်။ ဆေးပြီးအကြေးခွံချွတ်ပြီးသား ငါးနီတူအား (၂–၃)မိနစ်မှသည် အများဆုံး လေးမိနစ် ခန့်ပြုတ်ပြီး ခဏလေစမ်းကာ နေရောင်ခြည်ကောင်းမွန် စွာရရှိသည့် ကွင်းပြင်၌ သုံးပေခန့် အမြင့်ရှိသော စင်မြင့် ၌ စတင်လှန်းရပါသည်။ ၎င်းကဲ့သို့ နေလှန်းရာ၌လည်း နေရောင်ခြည်ပူပြင်းစွာရရှိသည့် နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအတွင်းဆိုပါလျှင် ငါး၏ တစ်ဖက် ခြမ်းကို နှစ်နာရီခန့် ဆက်တိုက်လှန်းပြီး အခြား တစ်ဖက်ခြမ်းကို ပြောင်းပြန်လှန်ကာ နှစ်နာရီခန့် ဆက်တိုက်လှန်းပါက ကောင်းမွန်စွာ ခြောက်သွေ့ သွားနိုင်ပြီး နေ့လယ်အချိန်မှ ရောက်ရှိလာသော ငါးနီတူကုန်ကြမ်းများကိုမူကား မွန်းလွဲ ၁ နာရီ ကျော်မှ စတင်နေခြောက်လှန်းခြင်းကိုမူကား ငါး၏ တစ်ဖက်ခြမ်းစီကို သုံးနာရီခန့်စီ နေခြောက်လှန်း ပြီးမှသာ လက်ခံနိုင်သောအဆင့်သို့ ရောက်ရှိနိုင် ပါသည်။

ပြုတ်ပြီးငါးနီတူများကို တစ်နေ့တာ (၄ – ၆) နာရီအတွင်း နေခြောက်လှန်းနိုင်လျှင် လုံလောက်ပြီး ဖြစ်ပါသည်။ ထို့နောက် ငါးနီတူခြောက်များအား အလုပ်ရုံအတွင်း ခေါင်းခွေစက်ဖြင့် ခေါင်းခွေကာ ခွေပြီးသား ငါးနီတူခေါင်းများကို ဒေသတွင်းတွင် တစ်ပိသာ ကျပ် ၁၂၀၀ အဖြစ် ကြက်စာပြုလုပ်ရန် ရောင်းချရခြင်းမှလည်း လုပ်ငန်းရှင်အတွက် အပို ဝင်ငွေတစ်ခု ရရှိနိုင်ပါသည်။ ပြုတ်ခြောက်မှရသော ငါးနီတူခေါင်းသည် ပြုတ်သည့်အခါ ဆားထည့် ပြုတ်ရသောကြောင့် ငန်သည့်အတွက် ဈေးရရှိမှု နည်းပါးသော်လည်း ပြုတ်ခြောက်မဟုတ်သော ငါးနီတူခေါင်းဆိုလျှင် တစ်ပိသာ ကျပ် ၁၅၀၀ ခန့် ဈေးရရှိပါသည်။

နေခြောက်လှန်း ခေါင်းခွေပြီးသော ငါးနီတူ ပြုတ်များကို ဈေးကွက်သို့မတင်ပို့မီ သတ်မှတ် ကုန်ချိန်ပြည့်မီရန်အတွက် လုပ်ငန်းခွင်ရှိ အအေးခန်း Box ထဲတွင် ခေတ္တသိမ်းဆည်းထားရပါသည်။ ငါးနီတူကုန်ကြမ်းမှသည် ပြုတ်ခြောက်ခေါင်းခွေပြီး အအေးခန်း Box ထဲ ခေတ္တသိမ်းဆည်း သိုမှီးသည် အထိ ရာသီဥတုကောင်းမွန်ပါက တစ်နေ့တည်းဖြင့် အပြီးဆောင်ရွက်ကြပါသည်။ ခေါင်းခွေပြီး ပြုတ်ခြောက်များကို ပလတ်စတစ်အကြည်သားဖြင့် ထည့်ကာ (13 kg) ဝင်ဆံ့သော စက္ကူဘူးထဲတွင် ထည့်၍ အအေးခန်း Box ထဲတွင်ထည့်ပြီး သိမ်းဆည်း ထားပါသည်။ စုဆောင်းထားသော ပြုတ်ခြောက် ကုန်ချိန် ၁၀ တန်ပြည့်မီပါက ဈေးကွက်သို့တင်ပို့ရန် သံတွဲ – ရန်ကုန် မော်တော်ကားလမ်းအတိုင်း ၁၀ တန်ဆံ့ အအေးခန်းကားဖြင့်တင်ပို့ကြပါသည်။

ငါးနီတူပြုတ်ခြောက် ကုန်ချောများကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့သည်ဟု လေ့လာသိရှိရပြီး ၎င်းသို့ရောက်ရှိပါက ဆားပြန် ထုတ်ပြီး (မာလာအရသာ၊ ချဉ်စပ်အရသာ၊ အကင် အရသာ) စသည်ဖြင့် ခွဲခြားပြုပြင်စီမံကာ အမှတ် တံဆိပ်များဖြင့် Packing ထုပ်ပိုးပြီး ဈေးကွက်များ သို့ ပြန်လည်ဖြန့်ချိကြပါသည်။ ဈေးကွက်တွင် တွေ့ရသော အထုပ်ကလေးတစ်ထုပ်တွင် ပြုပြင် စီမံပြီး စားသုံးရန်အသင့်ပါ ငါးနီတူ (၄ – ၈)ကောင် ခန့် ပါဝင်သည်ကို

စာမျက်နှာ ၁၇ သို့

အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် ကျောင်းသား ကျောင်းသူများနှင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရ

ထားဝယ် ဇွန် ၄

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှု မရှိစေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများကို ပြည့်ဝစွာ အသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိ ရာCRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ နိုင်ငံရေး အစွန်းရောက် အကြမ်းဖက်သောင်းကျန်းသူများက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားမှု ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ယနေ့နံနက် ၇ နာရီ၁၅ မိနစ်အချိန်ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ကျောင်းတက်ရန် ကျောင်းသား ကျောင်းသူများစီးနင်းလိုက်ပါလာသော မော်တော်ယာဉ် တစ်စီးအား လောင်းလုံးမြို့နယ် ပဋ္ဌသီမော် ကျေးရွာအနီးတွင် လောင်းလုံး PDF အကြမ်းဖက်အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ကျောင်းသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ထားဝယ်မြို့၊ အိမ်ရှေ့ပြင်ရပ်ကွက်ရှိ အခြေခံပညာမူလတန်း ကျောင်း၌ ဇွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ အချိန်ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ထားခဲ့သည့် ဗုံးသီးတစ်လုံးပေါက်ကွဲမှုကြောင့် ကျောင်းသား တစ်ဦးသေဆုံးခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် အပြစ်မဲ့ပြည်သူ စုစုပေါင်း ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုနှင့် ဗုံးသီးပေါက်ကွဲမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ကျောင်းသား ကျောင်းသူများနှင့် အပြစ်မဲ့ပြည်သူများအား အမှတ်(၁၂) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀)နှင့် ထားဝယ်ပြည်သူ့ဆေးရုံကြီးတို့၌ လိုအပ်သော ဆေးကုသမှုများ ပြုလုပ်ပေးနေစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်မျိုးထွန်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်း၏ထိခိုက်ဒဏ်ရာရရှိမှုများနှင့် ဆေးကုသပေးနေမှုများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး **(အပေါ်ပုံ)** ထောက်ပံ့ငွေများ ပေးအပ်သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသည်။ ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များက ပထမနေ့ အမျိုးသမီး အင်းစိန်ခရိုင်အသင်းနှင့် သင်္ကန်းကျွန်းခရိုင် အသင်းပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် အသင်း ၁၄ သင်း ပါဝင်ပြီး ဇွန် ၁၉ ရက်အထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသည် နေပြည်တော်တွင် သြဂုတ် ၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ယခုပြိုင်ပွဲမှ ခြေစွမ်းကောင်းသော အကောင်းဆုံး အားကစားသမားများကို ရွေးချယ်ပြီး ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

အာကာစိုး

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များ ကြည့်ရှုအားပေးစဉ်။

ချယ်ဆီး၏ အယူခံဝင်မှု ပယ်ချလိုက်သည့်အတွက် လာမည့်ရာသီအစပွဲစဉ်သုံးပွဲကို ဂျိမ်းစ် လွဲချော်တော့မည်

ရီစီဂျိမ်းစ်၏ အနီကတ်ပြစ်ဒဏ်ကို ပယ်ဖျက်ပေးရန် ချယ်ဆီးအသင်း၏ အယူခံဝင်မှုကို ဘောလုံးအဖွဲ့ချုပ်က ပယ်ချလိုက်ကြောင်း သိရသည်။ထို့ကြောင့် အသက် ၂၄ နှစ်အရွယ် ချယ်ဆီးအသင်း ခေါင်းဆောင် ဂျိမ်းစ်သည် လာမည့်ရာသီ ပထမသုံးပွဲကို လွဲချော်တော့မည်ဖြစ်သည်။

ၔင်းသည် လွန်ခဲ့သည့်လက ဘရိုက်တန် တိုက်စစ်ကစားသမား ဂျာအိုပက်ဒရိုကို ပြစ်ဒဏ်ကျူးလွန်ခဲ့သည့် အတွက် ကွင်းလယ်ဒိုင်က အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ၔင်းသည် ပြီးခဲ့သည့် ရာသီတွင် အနီကတ်နှစ်ကြိမ် ပြသခံခဲ့ရ သည့်အတွက် ထပ်တိုးတစ်ပွဲပြစ်ဒဏ် ချမှတ်ခဲ့သောကြောင့် စုစုပေါင်း လေးပွဲ လွဲချော်မှာဖြစ်သော်လည်း ရာသီပိတ် ပွဲစဉ်အဖြစ် ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင် လွဲချော်ထားသည့်အတွက် ယခုအခါ လာမည့်ရာသီအစ ပထမသုံးပွဲ ကိုသာ လွဲချော်တော့မည် ဖြစ်သည်။

ဂျိမ်းစ်သည် တံကောက်ကြောဒဏ်ရာ ကြောင့် ကာလရှည် အနားယူနေရပြီး နောက် ပြန်လည်ကစားသည့် ဒုတိယ မြောက်ပွဲစဉ်အဖြစ် ဘရိုက်တန်အသင်းနှင့် ပွဲစဉ်တွင် ၎င်း၏ ဒုတိယအကြိမ် အနီကတ်ကို ပြသခံခဲ့ရခြင်းလည်းဖြစ်သည်။ ၔင်း၏ ပထမဆုံးအကြိမ် အနီကတ်မှာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ချယ်ဆီးနှင့် နယူးကာဆယ်အသင်းပွဲစဉ်တွင် ဖြစ်သည်။

ပြီးခဲ့သည့်ရာသီတွင် အဆင့် (၆) ဖြင့် သာ ရာသီပိတ်သိမ်းနိုင်ခဲ့သော ချယ်ဆီး အသင်းသည် လက်စတာနည်းပြ အန်ဒီ မာရက်စ်ကာကို တစ်နှစ်သက်တမ်းတိုးခွင့် အပါအဝင် ငါးနှစ်စာချုပ်နှင့်အတူ အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့သည်။

အောင်စော

စာမျက်နှာ ၁၆ မှ

တွေ့ရှိရပြီး တစ်ထုပ်လျှင် ကျပ် ၈၀၀ ခန့် ကျသင့်သည့်အတွက် ပြုပြင်စီမံပြီး ငါးနီတူ တစ်ကောင်လျှင် ကျပ် ၁၅၀-၂၀၀ ခန့် ကျသင့်ကြောင်း သိရှိရပါသည်။ ထို့အပြင် အခြားနည်းလမ်းများဖြင့်လည်း ပြုပြင်စီမံကာ စားသုံးကြသည်များလည်း ရှိနိုင်ပါသည်။

ဤကဲ့သို့ ရာသီချိန်တွင် ပေါများစွာ ဖမ်းဆီးရမိသော ငါးနီတူကို သမားရိုးကျအခြောက်လှန်းကာ စျေးကွက်သို့ တင်ပို့ရောင်းချခြင်းများသည် ရှေးယခင်ကပင် ရှိနှင့်ပြီးဖြစ်ကာ နှစ်ပေါင်းများစွာကြာမြင့်ပြီ ဖြစ်ပြီး ဒေသခံများအတွက် အကျိုးတစ်စုတစ်ရာ ရှိနေသည်ဆိုသော်ငြားလည်း ယခုအချိန်တွင် တစ်ဆင့်မြှင့်ကာ ပြုတ်ခြောက်ပြုလုပ်ပြီး တန်ဖိုးမြှင့် ထုတ်ကုန်သို့ တက်လှမ်းလာပြီလည်းဖြစ်ပါသည်။ သို့ရာတွင် ၎င်းပြုတ်ခြောက်ကို စားသုံးသူလက်ထဲ အသင့်စားသုံးနိုင်သည်အထိ ဆက်လက်ပြုပြင် စီမံထုပ်ပိုးပြီး ဆောင်ရွက်သွားမည်ဆိုပါက ဖမ်းဆီးခြင်းမှသည် စားသုံးသူလက်ထဲရောက်သည်အထိ (Farm to Table) အဆင့်တိုင်းတွင် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာကာ ဝင်ငွေများ တိုးမြှင့်ရရှိခြင်းနှင့်အတူ ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး (Socio-economic) အတွက် အရေးပါအရာရောက်သည့် အခန်းကဏ္ဍမှ ပါဝင်လာပြီး နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်နေသော (One Region, One Product) "ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု"အဖြစ် ရပ်တည်နိုင်ရန် ရေထွက်ပစ္စည်းအခြေပြု MSME လုပ်ငန်းအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ကုန်ထုတ်လုပ်တင်ပို့နိုင်ကြမည်ဖြစ်သည့်အတွက် ဒေသ၏ထုတ်ကုန်၊ ပို့ကုန်လုပ်ငန်းများ အစဉ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

တကယ်ဆိုပါလျှင် MSME လုပ်ငန်းများသည် နိုင်ငံတော်၏ စီးပွားရေးမောင်းနှင်အားပင် ဖြစ်ပါသည်။ ၎င်းတို့လုပ်ငန်းများ ပိုမိုကြီးထွားရှင်သန်လာစေရေးအတွက် အဆင်ပြေ၍ လုပ်သာကိုင်သာ ရှိသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာစေရန် လိုင်စင်မှတ်ပုံတင်ခြင်းနှင့် လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းသတ်မှတ်ချက်ဆိုင်ရာများကို ဖြေလျှော့၍ ရနိုင်သလောက်ဖြေလျှော့ပေးပြီး လုပ်ငန်းပိုမိုကြီးထွားလာစေရန် လိုက်လျောညီထွေစွာ ဆွဲဆောင်ခေါ်တင်သွားရလိမ့်မည်ဖြစ်ပါသည်။ တိမ်မြုပ်နေသည့် MSME လုပ်ငန်းများကို ရှာဖွေဖော်ထုတ်မှတ်ပုံတင်ပြီး လျှပ်စစ်ဓာတ်အားကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်သွယ်ဆောင်ရွက်ပေးကာ နိုင်ငံတော်မှ အတိုးနှုန်းနည်းပါးစွာနဲ့ ထိုက်သင့်သော ချေးငွေရရှိရေးအတွက် အယုတ်အလတ်နေရာဒေသမရွေး ကူညီဆောင်ရွက်ပေးသင့်ပါသည်။

MSME ဆိုင်ရာ လုပ်ငန်းရှင်နှင့် ဝန်ထမ်းများအား အခါအားလျော်စွာ နည်းပညာသင်တန်းများ၊ (Value Added) တန်ဖိုးမြှင့်ထုတ်ကုန်ဆိုင်ရာ သင်တန်းများ၊ စွန့်ဦးတီထွင်မှုဆိုင်ရာ သင်တန်းများ၊ စျေးကွက်ထိုးဖောက်၊ စျေးကွက်ရှာဖွေမှု ဆိုင်ရာ သင်တန်းများကို ပြည်တွင်းတွင်လည်း ကောင်း၊ အခါအခွင့်သင့်က ပြည်ပသို့လည်းကောင်း စေလွှတ်၍ လေ့လာသင်ကြားပေးသင့်ပြီး MSME ထုတ်ကုန်များကို ပြည်တွင်းစျေးကွက်အပြင် ပြည်ပသို့ ထိုးဖောက်နိုင်သည်အထိ နိုင်ငံတော်မှ အတိုင်းအတာတစ်ခုအထိ ပံ့ပိုးကူညီဆောင်ရွက်ပေးသင့်ပါသည်။ MSME ကဲ့သို့ တက်သစ်စ လုပ်ငန်းရှင်များနှင့် အောင်မြင်ပြီးသား စီးပွားရေး လုပ်ငန်းရှင်ကြီးများအား အခါအားလျော်စွာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများလည်း ကျင်းပပေးသင့်ပါသည်။

သံတွဲမြို့နယ် ငပလီဒေသအခြေပြု ရေထွက်ပစ္စည်းဆိုင်ရာ MSME လုပ်ငန်းများကို ရှာဖွေဖော်ထုတ်မှတ်ပုံတင်ကာ ပံ့ပိုးကူညီနိုင်သည်များကို လက်တွေ့ကျကျ ပံ့ပိုးကူညီပေးနိုင်မည်ဆိုပါက ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာကာ ထုတ်ကုန်များမြှင့်တင်ထုတ်လုပ်တင်ပို့ခြင်းဖြင့် ဒေသတွင်းနေ ပြည်သူလူထုများ အတွက် လူမှုစီးပွားဘဝ(Socio-economic) များ မြင့်မားလာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခြင်းဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးကိုပါ တစ်စုံတစ်ရာ အထောက်အကူပြုလာနိုင်မည်သာ ဖြစ်ပါကြောင်း ရေးသားပြုစုတင်ပြအပ်ပါသည်။ ။

ကိုးကား

မြန်မာ-ဒိန်းမတ် Sustainable Coastal Fisheries, SCF project ရေရှည်တည်တံ့သော ကမ်းရိုးတန်းငါးလုပ်ငန်းစီမံကိန်း(၂၀၂၀)

မင်းလှမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများကို သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၄

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လမ်းကြောင်းတစ်လျှောက်မှ ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်မှုများ လုပ်ဆောင်ခဲ့ရာ ပြည်သူ ၁၀ ဦးကျော် သတ်ဖြတ်ခံရကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မင်းလှမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက မေ ၂၉ ရက်နှင့် ၃၁ ရက်တို့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက် အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ တိုက်ပွဲများဖြစ်ပွားခဲ့ရာ အကြမ်းဖက်သမားများထံမှ အလောင်း နှစ်လောင်း၊ လက်လုပ်သေနတ် နှစ်လက်နှင့် ဖောက်ခွဲရေးပစ္စည်းအချို့ကို သိမ်းဆည်းရမိခဲ့ပြီး ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်နေသည်မှာ မှန်ကန်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများ အနေဖြင့် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် မြေပြင်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် လွဲမှားစွာ လုပ်ကြံရေးသားပြီး အရှက်တရားမဲ့စွာ လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဧနှစ်၀ါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇွန် ၃ ရက်တွင် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Zin May Khine" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမ (အနောက်)ရပ်ကွက်နေ ဇင်မေခိုင်အား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Tin Htut Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ လှိုင်မြို့နယ် အမှတ်(၁၀) ရပ်ကွက်နေ တင်ထွန်ဆောင်အား နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့ဖလားခြေစစ်ပွဲကစားရန် ဂျပန်လက်ရွေးစင်အသင်း မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး လေ့ကျင့်မှုပြုလုပ်

ရန်ကုန် ဇွန် ၄

၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲအဖြစ် မြန်မာအသင်းနှင့် ယှဉ်ပြိုင် ကစားရန် ဂျပန်လက်ရွေးစင်အသင်းသည် ဇွန် ၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

လေ့ကျင့်မှုများပြုလုပ်ခဲ့

ဂျပန်လက်ရွေးစင်အသင်းသည် ဇွန် ၄ ရက် နံနက်ပိုင်းတွင် ရောက်ရှိလာပြီးနောက် ဇွန် ၄ ရက် ညနေပိုင်းတွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ပထမဆုံးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ (ယာပုံ) ဂျပန်လက်ရွေးစင်အသင်းတွင် ကစားသမား ၂၆ ဦး လိုက်ပါလာပြီး နည်းပြချုပ် မိုရီယာဆုသည် ဥရောပအခြေစိုက် နာမည်ကြီး ကစားသမားအားလုံးနီးပါး ခေါ်ဆောင်လာသည်။ အာဆင်နယ်အသင်းမှ တိုမီယာဆု၊ လီဗာပူးလ်အသင်းမှ အန်ဒို၊ လာဇီယိုအသင်းမှ ကာမာဒါ၊ မိုနာကိုအသင်းမှ မီနာမီနို၊ ဆိုစီဒက်အသင်းမှ ကူဘို၊ ဗီယင်နုအသင်းမှ ယူအီဒါ စသည့် ကစားသမားများ ပါဝင်လာသည်။

နောက်တစ်ဆင့်တက်ရောက်ထား

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဂျပန်လက်ရွေးစင်အသင်းတို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲကို ဇွန် ၆ ရက် ညနေ ၆ နာရီ ၄၀ မိနစ်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ဂျပန်အသင်းသည် လေးပွဲကစား လေးပွဲစလုံး အနိုင်ရရှိကာ ရမှတ် ၁၂ မှတ်ဖြင့် နောက်တစ်ဆင့် တက်ရောက်ထားပြီး မြန်မာအသင်းမှာမူ လေးပွဲကစား တစ်မှတ်ရရှိထားသည်။ ပထမအကျော့ တွေ့ဆုံမှုတွင် ဂျပန်အသင်းက မြန်မာအသင်းကို ငါးဂိုးပြတ် အနိုင်ရထားသည်။

ရဲရင့်လွင်
ဓာတ်ပုံ-MFF

မုန်တိုင်းဖြစ်ပေါ် နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟာလ သတင်းများကို မယုံပါနှင့်။

၂။ မုန်တိုင်းဝင်ဟိုဖြတ်သန်းစဉ် ခေတ္တလေငြိမ်သော်လည်း မကြာမီ အချိန်အတွင်း ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့် လေများ တိုက်ခတ်လာနိုင်သည်ကို သတိပြုပါ။

၃။ မုန်တိုင်းအန္တရာယ်ကင်းရှင်းကြောင်း သက်ဆိုင်ရာ အစိုးရဌာနမှ သတင်းထုတ်ပြန်သည်အထိ ဘေးကင်း လုံခြုံသောနေရာတွင် နေထိုင်ပါ။

မုန်တိုင်းဖြစ်ပေါ် နေချိန်တွင် ရှောင်ရှား သင့်သည့် အချက်များ

၁။ တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင် ထားခြင်းမပြု လုပ်ပါနှင့်။

၂။ ရေထဲတွင် မလိုအပ်ဘဲ ရေကူးခြင်း၊ လမ်းလျှောက်ခြင်း မပြုလုပ်ပါနှင့်။

၃။ လေမုန်တိုင်းအနည်းငယ် အားလျော့သွားချိန်တွင် အိမ်အပြင်ထွက်ခြင်း၊ ကမ်းခြေ၊ မြစ်ကမ်းနား၊ ကမ်းနဖူးသို့ သွားရောက်ခြင်းမပြုပါနှင့်။

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျောင်းသူ ကျောင်းသားများ အေးချမ်းစွာ ပညာသင်ကြားနေမှုများအား ကြည့်ရှုအားပေး

လွိုင်ကော် ဇွန် ၄

ကယားပြည်နယ်အတွင်း မြို့နယ်အသီးသီး၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို စတင်ဖွင့်လှစ်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စာသင်ဆောင်များ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများအား ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းစာကြည့်တိုက်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များအား ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ကျောင်းအုပ်ကြီးရုံးခန်း၌ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ တင်ပြမူအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဇွန် ၄ ရက်တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် အခြေခံပညာအလယ်တန်းကျောင်း ဒေါတမသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး ကျောင်းခန်းမ၌ ဆရာ ဆရာမများကို တွေ့ဆုံအားပေးစကား ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ကတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကယားပြည်နယ်အတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကို မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံခဲ့ပြီး ဇွန် ၃ ရက်မှစတင်ကာ ကယားပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပြည်နယ်အတွင်း မြို့နယ် အသီးသီးရှိ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ် (ပြန်\ဆက်)

ပဲခူးတက္ကသိုလ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် သင်တန်းများအားလုံး စတင်ဖွင့်လှစ်သင်ကြား

ပဲခူး ဇွန် ၄

ပဲခူးတက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းနှစ် အသီးသီး၏ ဒုတိယနှစ်ဝက် သင်တန်းများနှင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တတိယနှစ်၊ ပထမနှစ် ဂုဏ်ထူးတန်းနှင့် ပါရဂူဘွဲ့ကြိုတန်းများ၏ ပထမနှစ်ဝက် သင်တန်းများကို ဇွန် ၃ ရက်မှ စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ပဲခူးတက္ကသိုလ်တွင် ဝိဇ္ဇာ ရပ် ခြောက်ခု ဖွင့်လှစ်သင်ကြားဘာသာရပ် ရှစ်ခု၊ သိပ္ပံဘာသာ လျက်ရှိပြီး ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာ၊ သိပ္ပံ၊ ဂုဏ်ထူးတန်းဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

ကိုတွတ်
(ပြန်/ဆက်)

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ မြန်မာနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်မှုအား မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၄

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ၊ ဒုတိယအဆင့် အုပ်စုပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဂျပန်လက်ရွေးစင် အသင်းတို့သည် ဇွန် ၆ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ယှဉ်ပြိုင်ကစားကြပုံများကို ဇွန် ၆ ရက် ညနေ ၆ နာရီ မိနစ် ၃၀ မှစတင်၍ MRTV–HD ၊ MRTV Parliament Channel ၊ မြန်မာ့အသံရေဒီယိုနှင့် MRTV APP: အပါအဝင် Online တို့မှ တစ်ပြိုင်တည်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထိုသို့ ထုတ်လွှင့်စဉ် MRTV–HD Channel ၌ည ၈ နာရီလတင်း ထုတ်လွှင့်မှုအား ပုံမှန်အတိုင်း ထုတ်လွှင့်မည်ဖြစ်၍ ဘောလုံးပွဲစဉ် ထုတ်လွှင့်မှုကို MRTV Parliament Channel တွင် ဆက်လက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန် စာတည်း	-	ဒြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အယ်ဒီတန်း	-	ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူလွေး
သတင်းထောက်များ		
ဓာတ်ပုံ	-	တင်စိုး
သတင်းထောက်		
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀۱۶–၃۱۵۶,၊ စာတည်းအဖွဲ့ ၀۱۶–၃۱۵۶၅၊ ဇော်စီ ၀۱۶–၃۱۵۶၃၊ ရန်ကုန်နဲ့ခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရဝ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅ ဧရာဝင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၄၅၀၃၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၄၃၂၂။ ၀۱۶–၃۱۵۶၅၊ မြန်ဆိုရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈۱۵۶၅၅۶။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၃၃၀ ကျပ်	၂၄၁၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၃၈၀ ကျပ်	၂၄၅၅ ကျပ်
အောက်တိန်း ၉၂	၂၅၆၅ ကျပ်	၂၆၄၅ ကျပ်
အောက်တိန်း ၉၅	၂၆၆၅ ကျပ်	၂၇၄၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးခြင်းနှင့် အခမဲ့ကုသမှုပေးခြင်း ဆောင်ရွက်

ရန်ကုန် ဇွန် ၄

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - ရန်ကုန် ပါမောက္ခချုပ်၏ ညွှန်ကြားမှုဖြင့် ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေး ပညာဌာနမှ ဆရာ ဆရာမများနှင့် အလုပ်သင်ဆရာဝန်များ ပါဝင်သောအဖွဲ့သည် ဇွန် ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် "ပန်းပျိုးလက်" ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူ ၁၅၀ တို့အား သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးဟောပြောခြင်း၊ ၉၇ ဦးတို့အား သွားနှင့်ခံတွင်းကျန်းမာရေး စစ်ဆေးခြင်း၊ သွားနှင့်ခံတွင်း ဝေဒနာရှင် ၅၂ ဦးတို့အား အခမဲ့ကုသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြန်မာ့အလင်း**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် — ညီညီ - စုစည်းသည်

ကုမ္ဗဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉၀၀၀	၉၀၀၀	၁၀၄၅	၉၄၀၅၀၀၀
MTSH	၃၁၅၀	၃၁၅၀	၅၆၁၀၅	၁၇၆၇၃၀၇၅၀
MCB	၀	၀	၀	၀
FPB	၁၆၅၀	၁၆၅၀	၇၆၆၅	၁၂၆၄၇၂၅၀
TMH	၂၇၀၀	၂၇၀၀	၅	၁၃၅၀၀
EFR	၁၇၅၀	၁၈၀၀	၃၄၃	၆၀၂၅၀၀
AHPC	၄၇၀၀	၄၇၀၀	၁	၄၇၀၀
MAEPC	၂၄၅၀	၂၅၅၀	၁၀၉၁၀	၂၆၂၆၄၃၀၀

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၄-၂၀၂၅)ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူရသော လူနာများအတွက် လိုအပ်သော အစားအသောက်နှင့် ဆေးဝါးကုဝိဂံရေး ဦးစီးဌာနမှ အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ Consumable များအား ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့် ရက်နှင့်အချိန်** - ၂၃-၅-၂၀၂၄ ရက်၊ နံနက်(၉:၀၀)နာရီ
တင်ဒါဖိတ်သိမ်းမည့် ရက်နှင့်အချိန် - ၂၂-၆-၂၀၂၄ ရက်၊ ညနေ(၄:၀၀)နာရီ
တင်ဒါပုံစံဈေးချမည့်နေရာ - ဆေးရုံအုပ်ကြီးရုံး၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ဆေးပစ္စည်းများ၏ အသေးစိတ်အချက် အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံး၊ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့ ဖုန်း-၀၆၄-၂၃၀၀၄ နှင့် ၀၉-၇၆၆၉၈၀၄၃၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈) ရပ်ကွက်၊ ဗိုလ်ဗထူးအိမ်ရာ(၂)ရှိ တိုက် AA-၃ အခန်း(၅၀၄)၊ ဧရိယာ U(၆၀၀)စတုရန်းပေ အိပ်ခန်း(၂)ခန်းပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရင်းရပ်ပိတ်ခြင်းအား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ခေါ်စန္ဒာအေး ၁၂/ရက္ခာ(နိုင်ငံ)၀၂၅၈၈၆ ထံမှ အပြီးအပြတ်ဝယ်ယူရန် ကျွန်မ ခေါ်ခင်စယယ် ၁၂/ရက္ခာ(နိုင်ငံ)၀၁၉၃၄၄ မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထား များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက် သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်ခင်စယယ်
ဖုန်း-၀၉-၅၈၅၄၁၀

အများသိစေရန်ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃/ ပေါင်းလောင်း-၃၊ ဗိုလ်မှူးလှိုင်ဝင်း အမည်ပေါက် ဧရိယာ ၀ ၁၁၀ ၁၅၅ ၁၅ ၁ ၁ ၁

ဖခင်အမည်မှန်

ပုသိမ်မြို့၊ အမှတ်(၁၁)၊ အခြေခံပညာ အထက်တန်းကျောင်း Grade(12) မှ မောင် ကောင်းရန် ပိုင် ၏ဖခင် အမည်မှန်မှာ ဦးမိုးနိုင် ၁၄/ပသန (နိုင်)၁၅၇၁၈ ဖြစ်ပါကြောင်း။

ဦးမိုးနိုင်

ဖခင်အမည်ပြောင်း

ဦးချမ်းမြေ့ခေ ၇/ပမန(နိုင်)၁၄၁၀၄၏ သား (က.ပ.စ–၇) သဲဖြူ–အထက(ခွဲ) ကျောင်း Grade–6 မှ မောင်ဝေယံဘုန်းပြည့် အား မောင်ဝေယံဘုန်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဝေယံဘုန်းထက်

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ မြိုင်သာကျေးရွာ အလက Grade–5 ၌ ပညာသင်ကြားနေသော မောင်ဝေယံထိုးဖူး၏ ဖခင် အမည်မှန်မှာ ဦးသိန်းစိုး ၉/သစန(နိုင်)၁၅၉၆၆ ဖြစ်ပါကြောင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး၃၀ဒေအမိန့် ၅၊နည်း၃၀ဒေ ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံး
၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၉၃

ခေါ်ဝေါ်းမမမိုး နှင့် ဦးချစ်ညွန့်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(ဖဖ–၇/၃၉)၊ ၁၁၀–အီးလမ်း၊ ၄၇–၉၈လမ်းကြား၊ ထွန်တုံးရပ်ကွက်နေ ဦးချစ်ညွန့်(၁၁)ဦးဝင်း (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ခေါ်ဝေါ်းမမမိုးက မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ–၈)၊ ဦးပိုင်အမှတ်–၈၄၊ ၈၆ယာ (၀၃၁၈ ၀၅၅၁)၈က အကျယ်အဝန်းရှိ မြေကွက်ရောင်း၀ယ်မှုအား မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့် အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ်ရင်အမှုနှင့်စပ်ဝိဆိုင်သည့် အချက် များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇွန်လ ၁၃ရက် (၁၃၆၆ခုနှစ်၊ နယုလဆန်း ရက်၀) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုမွဲဆိုချက်ကို ထုချေရှင်း လင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအရှိသည် တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇွန်လ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းသင်းလွိင်)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
ချမ်းမြသာစည်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး၃၀ဒေအမိန့် ၅၊နည်း၃၀ဒေ ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံး
၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၉၄

ခေါ်တင်ချီ နှင့် ဦးခေါ်လာ
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(၈၆–၄)၊ ၅၆–၅၇ လမ်းကြား။ ၁၁၁လမ်း။ ကသာယာရပ်ကွက်နေ ဦးနေ၁လာ(၁၁)ဦးဖိုးသင် (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ခေါ်တင်ချီက မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္တာရပ်ကွက်၊ အကွက်အမှတ်(မမ–၇)၊ ဦးပိုင်အမှတ်–၉၂ ၈၆ယာ (၀၃၁၈ ၀၅၅၁)၈က အကျယ်အဝန်းရှိ မြေကွက်ရောင်း၀ယ်မှုအား မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့် အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ်ရင်အမှုနှင့်စပ်ဝိဆိုင်သည့် အချက် များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇွန်လ ၁၃ရက် (၁၃၆၆ခုနှစ်၊ နယုလဆန်း ရက်၀) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုမွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်း ချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း များနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇွန်လ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းသင်းလွိင်)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
ချမ်းမြသာစည်မြို့နယ်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ အထက(ရွာင်) Grade–10မှ မနန်းပိုမိုဆိုင်ခေး နှင့် Grade–11မှ မနန်းခမ်းစံဟွမ်တို့ ၏ ဖခင် ဦးအောင်ဓော်လင်း (၁) ဦးဓော်လင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးအောင်မြင့်သန်း

ဖခင်အမည်မှန်

ရွာင်မြို့နယ်၊ အထက(ခွဲ) ခွားဘန်းကြီးကျေးရွာ Grade–9မှ မောင် ဟိန်းရာဇာအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် သန်း ၁၄/လမန(နိုင်) ၀၁၈၀၀၉ ဖြစ်ပါကြောင်း။

ဦးအောင်မြင့်သန်း

အမည်ပြောင်း

ဦးချမ်းမြေခေ ၇/ပမန(နိုင်)၁၄၁၀၄၏ သား (က.ပ.စ–၇) သဲဖြူ–အထက(ခွဲ) ကျောင်း Grade–6 မှ မောင်ဝေယံဘုန်းပြည့် အား မောင်ဝေယံဘုန်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဝေယံဘုန်းထက်

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက (၁) Grade–4(A)မှ မောင်သော်သန့်စင် အား ယနေ့မှစ၍ မောင်မင်းသော်ဇင်ထွဋ် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းသော်ဇင်ထွဋ်

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက (၁၄) Grade–3(B)မှ မရွှေနုဒီထက်အား ယနေ့မှစ၍ မရွှေရည်ဖူး ဟုပြောင်းလဲခေါ်ဆိုပါရန်။

မရွှေရည်ဖူး

ကြော်ငြာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၆၀၅ ဦးပိုင်အမှတ် (၂၁–က/၁၈+၂၁–က/၂၁)၊ ရာလမ်း။ ၂၈x၂၉ လမ်းကြားရှိ ဘိုးဘဘမြေကွက်အမည်ပေါက်သူ ဦးလီထိုင်ဆိုင်း၏ (SP ရရှိသူ ခေါ်သန်းသန်း၇)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၇၀၀/၂၀၂၄)ဖြင့် ၀ယ်ယူခဲ့သူ ခေါ်အိမွန်ချို(၉/အမ၀(နိုင်)၀၁၂၂၆၈ အမှတ္တဝေအမှတ် (၀၁၂၃/၁၈(ပြောင်း)/၂၀၂၄–၂၀၂၅)ဖြင့် ဘိုးဘဘအည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၆/အရှေ့)၊ ဝေဃယန္တာ (၁၆)လမ်းအရှေ့၊ မြေကွက်အမှတ်(၈၅၂)၊ အဆောက်အအုံအမှတ် (၈၅၂)၏ (၂)ခန်းတွဲ (၅)ထပ်တိုက်အနက်မှ အခန်းအမှတ်–စတုတ္ထထပ် (၅လွှာ)ခေါင်းရင်းခန်း ၊ အကျယ်အဝန်း (၁၅၆x ၅၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချပ်ငွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ကေမိုင်ဖြင့်အောင် (၇/တနေ(နိုင်)၁၅၂၁၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့တရားဝင် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများပြခြင်း ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၃၆၈၈)
Ph,09421746974

ပျောက်ဆုံးကြောင်း

ဦးစင်မင်းအောင် ၁၂/ရကန(နိုင်)၀၇၄၂၄ ၏ အမည်ဖြင့် တင်သွင်းလာသော Mercedes, 2019 ယာဉ်၏ ပါမစ် ID, Custom Statement (786901), ယာဉ်ဓာတ်ပုံ အမှုတွဲများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၉၆၄၉၃၁၈၈၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/52373, FEILING–125,M/C ယာဉ်လက်ဝယ်ရှိသူ TOYOMAX CO.,LTD က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပေါ်ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကည နေ၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/66306, Zong Shen–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်းလှိုင် ၉/မရတ(နိုင်)၀၀၄၄၁ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကည နေ၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ပါရမီရုပ်ကွက်၊ အကွက်အမှတ် ၇၉၉/ပန်းဘဲတန်း၊ မြေကွက်အမှတ် ခ/၁၈–၁၊ မြေရိယာ (၀.၀၉၂)၈က အကျယ်ရှိ နှစ်(၃၀)မြောင်းကရန်အမျိုးအစား မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းသူ ခေါ်မြင့်မြင့်ရီ ၉/မနမ(နိုင်)၀၅၉၆၄၂၊ ခေါ်မြကြာဖြူ ၉/ပသက(နိုင်)၀၉၀၃၉၀၇၆၄ အမည်ပေါက်ကြောင်း ရောင်းချ ခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြေဘဆိုကမ်းလုပ်ရာ ကျွန်ုပ်၏မိတ်ဆွေ ခေါ်ဗိုး အိဖြူ ၅/စကန(နိုင်)၂၃၉၇၁၉၄ အပြိုးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်မေါ် ကန့်ကွက်လိုပါက ဤကြေညာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ဝိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ခေါ်လှိင်လှိင်ဖြင့်အောင်၊ တရားလွတ်တော်ရှေ့နေ(စဉ်–၁၅၁၅၉)
အမှတ်–၁၃၉၊ တကောင်းဗျည်းရပ်၊ စစ်ကိုင်းမြို့။ ဖုန်း–၀၉–၄၂၇၂၀၁၂၀

ကြော်ငြာစာ

မန္တလေးမြို့၊ ပမာအောင်မြေမြို့နယ်၊ ပမာမြိုင်–၂ရပ်ကွက်၊ အကွက်အမှတ် (၃–၆)၊ ဦးပိုင်အမှတ် (၄၅)၊ ၆၃x ၆၄လမ်းကြား၊ ၃၀x ၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလောက်ကွေ့ ၁၃/ဆဆတ(နိုင်)၀၃၀၄၀၅၈ အမှုတွဲအမှတ် (၁၁၈၇/၂၀၂၄–၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဓာတ်ပုံလမ်းရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၂၉)၊ ၅၂x၅၃ လမ်းကြား။ ၁၀၁x၁၀၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးပြုံးမြင့် ၏(SP ရရှိသူ ခေါ်စိန်မြင့်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၉၃၈/၂၀၂၄) ဖြင့်ဝယ်ယူခဲ့သူ ဦးရဲဝင့်အောင် ၉/မဟမ(နိုင်) ၀၂၈၁၂၂ က အမှုတွဲအမှတ် (၁၁၉၂/၂၀၂၄–၂၀၂၅)ဖြင့် သက်တမ်းတိုး အမည်ပြောင်းလျှောက်ထား လာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးသက်မောင်မောင်နှင့်အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်မခေါ်အေးစန္ဒာဝင်း ၁၂/သလန(နိုင်)၀၈၃၀၀၅ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့နေသည်သည် ဦးသက်မောင်မောင်နှင့် ပေါင်းသင်းနေထိုင်ခြင်း မပြုမီက နေအိမ်ခြံကွက်များအား ဝယ်ယူ ပိုင်ဆိုင်ဘဲပြီး (၂၀၁၉)ခုနှစ် (၂)လပိုင်း တွင် ဦးသက်မောင်မောင်နှင့် ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် အခမ်း အနားပြုလုပ်ခြင်းမရှိဘဲ နှစ်ဦးသဘောတူနေထိုင်ခဲ့ရာ သားတစ်ဦးမွေးဖွားခဲ့ပါ သည်။ ၂၀၂၃ခုနှစ်(၆)လပိုင်းတွင် ဦးသက်မောင်မောင်သည် ယသောမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ နေအိမ်မှ ခေါ်အေးစန္ဒာဝင်းပိုင် နေအိမ်ခြံမြေတို့၏ စာချုပ် စာတမ်းမူရင်းတို့အား ယူဆောင်သွားပါသဖြင့် ဦးသက်မောင်မောင် ယူဆောင် သွားသည့်စာရွက်စာတမ်းမူရင်းများမှာ ဦးသက်မောင်မောင်နှင့် ပတ်သက်မှု တစ်စုံတစ်ရာမရှိပါကြောင်းနှင့် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း တစ်စုံတစ်ရာ ပျပြုလုပ်ပါရန်နှင့် ပြုလုပ်မှုတစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါ က တရားဥပဒေအေရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေ ရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ခေါ်စုမွန်အောင် ခေါ်ခွမ္ဘာဦး
(တရားလွတ်တော်ရှေ့နေ) (တရားလွတ်တော်ရှေ့နေ)
စဉ်–၁၇၂၂ စဉ်–၁၅၃၈၅
ရပ်ကွက်ကြီး(၆)၊ ရုံးပေါင်းစုဝင်း အင်းယားကျေးရွာ၊ ပြင်ဦးလွင်မြို့။
ပြင်ဦးလွင်မြို့။ ဖုန်း–၀၉–၄၃၀၁၀၁၆၃ ဖုန်း–၀၉–၇၈၈၂၇၀၈၁၆

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက် အမှတ် (၇၂၅)၊ ဦးပိုင်အမှတ် (၁၀၊၁၁၊၁)ဂုလမ်း။ ၇၄x ၇၅လမ်းကြားရှိ ဘိုးဘဘမြေကွက်အမည်ပေါက်သူ ခေါ်ခင်ပြုံးစု၏(SP ရရှိသူ ခေါ်အင်းလှဒေဝီ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၅၇၅/၂၀၂၄)ဖြင့် ၀ယ်ယူ ခဲ့သူ ဦးဆွောဘဒါရီ ၉/မကန(နိုင်)၀၅၈၃၃၇ အမှုတွဲအမှတ်(၁၁၁၉/ ၂၀(ပြောင်း)/၂၀၂၄–၂၀၂၅)ဖြင့် ဘိုးဘ–အမည်ပြောင်း လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

